# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၄၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏အဓိပတိ မန္တလေးတိုင်းဒေသကြီး ဇန်းမော်ကျောင်းတိုက်ကြီး၏ဦးစီးပဓာန မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး ဇန်းမော်ဆရာတော်ဘုရားကြီး၏ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များ ရေမျှောပူဇော်ပွဲအခမ်းအနားကျင်းပ



မန္တလေး ဇွန် ၇

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဇန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသမဟာထေရ်မြတ်ကြီးသည် သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄)ဝါအရ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ခုနှစ် မေ ၂၅ ရက် ကြာသပတေးနေ့ ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူ၍ ဥတုဇရုပ်ကလာပ်တော်အား ဇန်းမော်ကျောင်းတိုက်ကြီးရှိ အေးကမ္ဘာဗိမာန်ယာယီစံကျောင်းတော်တွင် ပူဇော်ထားရှိခဲ့ပြီး ဇွန် ၆ ရက်နေ့၌ အန္တိမစျာပနသာဓုကီဠနပူဇာ သဘင်အခမ်းအနားကိုကျင်းပ၍ ရုပ်ကလာပ်တော်အား တေဇောဓာတ် ပူဇော်ခဲ့သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖



**ယနေ့ ဖတ်စရာ**



**ကူညီကယ်ဆယ် မုန်တိုင်းအန္တရာယ်**

ဆောင်းပါး စာ ၁၀



**ပြည်သူအားလုံးတွဲလက်ညီ သန်းခေါင်စာရင်းကောက်ပါမည်**

ဆောင်းပါး စာ ၁၆

# အဓိပတိတရားလေးပါးဖြင့် ထာဝစဉ် ကြိုးပမ်းအားထုတ်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို မနက်ဖြန် (ဇွန်လ ၉ ရက်)၊ သောကြာနေ့ နံနက်စောစောတွင် သက်ဆိုင်ရာက ထုတ်ပြန်ကြေညာပေးတော့မည်ဖြစ်သည်။ နံနက် ၄ နာရီအချိန်တွင် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.myanmarexam.org တွင် အောင်စာရင်းများ ဝင်ရောက်ကြည့်ရှုနိုင်ကြမည်ဖြစ်သလို နံနက် ၆ နာရီအချိန်တွင် မြို့နယ်အသီးသီးရှိ စာစစ်ဌာနကျောင်းများတွင် ကပ်ထားမည့် အောင်စာရင်းများကို သွားရောက်ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲသည် အခြေခံပညာအဆင့်၏ နောက်ဆုံးစာမေးပွဲဖြစ်ပြီး အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရန် အဆုံးအဖြတ်ဖြစ်သည့်အလျောက် ကျောင်းသားကျောင်းသူများအတွက် အရေးကြီးသည်။ အောင်စာရင်းထွက်မည့် အချိန်အခါသည် ကျောင်းသား ကျောင်းသူများအဖို့ မိမိတို့ ကြိုးပမ်းအားထုတ်ခဲ့သည့်ရလဒ် မည်သို့ထွက်ပေါ်လာမည်ကို သိလိုသည့် စိတ်ဇောတို့ မြင့်မားနေကြသကဲ့သို့ မိဘများအနေဖြင့်လည်း မိမိတို့ သားသမီးများ၏ ပညာရေးရှေ့ခရီးအတွက် မျှော်လင့်ချက်များဖြင့် စိတ်လှုပ်ရှားကြရသော အချိန်အခါလည်းဖြစ်သည်။ ဤသည်ကို အခွင့်ကောင်းယူကာ အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာများမှနေ၍ တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းများ ကြိုတင်သိရမည်ဟုဆို၍ ငွေကြေးလိမ်လည်မှုများ ပြုလုပ်လျက်ရှိရာ ကျောင်းသား ကျောင်းသူများနှင့် မိဘများ သတိထားကြဖို့လိုသည်။ ကျောင်းသား ကျောင်းသူတို့ ကြိုးပမ်းအားထုတ်ခဲ့ကြသည့် ရလဒ်အတိုင်း စာမေးပွဲအောင်စာရင်းသည် အချိန်တန်လျှင် မဖြစ်မနေ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ရာ စောင့်ဆိုင်းကြည့်ရှုကြရန်သာဖြစ်သည်။ ထို့အပြင် တက္ကသိုလ်ဝင် စာမေးပွဲကျရှုံးခြင်း/ အောင်မြင်ခြင်းတို့ကို အကြောင်းပြု၍ အနိဋ္ဌာရုံသတင်းတို့ နှစ်စဉ်လိုလို ထွက်ပေါ်လာလေ့ရှိရာ ကျောင်းသူ ကျောင်းသားများ၊ မိဘများ၊ မိသားစုဝင်များအနေဖြင့် မှန်ကန်စွာ နှလုံးသွင်းနိုင်ကြရန်လိုသည်။

သတိပြုသင့်သည်မှာ တက္ကသိုလ်ဝင် စာမေးပွဲသည် အောင်မြင်သူ ရာခိုင်နှုန်းထက် ကျရှုံးသူရာခိုင်နှုန်း ပိုမိုများပြားသော စာမေးပွဲဖြစ်ပြီး ယခုနှစ်တွင်ကျရှုံးပါက မိမိ၏အားနည်းချက်ကိုပြုပြင်ပြီး နောက်နှစ်တွင် ပြန်လည်ဖြေဆိုရန် အခွင့်အလမ်းရှိခြင်းဖြစ်သည်။ ယမန်နှစ် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၂၈၁၇၅၁ ဦးဝင်ရောက်ဖြေဆိုခဲ့ပြီး ၁၃၂၀၇၇ ဦး အောင်မြင်ခဲ့ရာ အောင်ချက်ရာခိုင်နှုန်း ၄၆ ဒသမ ၈၈ ရာခိုင်နှုန်းဖြစ်သည့်အတွက် ဖြေဆိုသူထက်ဝက်နီးပါး အောင်မြင်ခဲ့ပြီး ကျန်သည့်ထက်ဝက်ကျော် ကျရှုံးခဲ့ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် အောင်ချက် ၃၃ ဒသမ ၈၉ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် အောင်ချက် ၃၂ ဒသမ ၈၂ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်တွင် အောင်ချက် ၃၁ ဒသမ ၄၄ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် အောင်ချက် ၃၂ ဒသမ ၀၆ ရာခိုင်နှုန်းရှိခဲ့ရာ ဖြေဆိုသူ၏ သုံးပုံ တစ်ပုံခန့်သာလျှင် အောင်မြင်နိုင်ခဲ့ကြခြင်းဖြစ်သည်။

စာမေးပွဲကျရှုံးခြင်းကြောင့် ကျောင်းသား ကျောင်းသူ ကိုယ်တိုင် မိမိကိုယ်ကို အပြစ်တင်ခြင်း၊ အခြားသူများကို ရှက်ခြင်း၊ သိမ်ငယ်စိတ်ဝင်ခြင်း၊ မိခင် သို့မဟုတ် ဖခင်တို့က အလွန်အကျွံပြစ်တင်ကြိမ်းမောင်းခြင်း၊ ရိုက်နှက်ခြင်း၊ အစ်ကိုအစ်မ စသည့်မိသားစုဝင်တို့က ဝိုင်းဝန်းပြစ်တင်ကြခြင်း စသည့်အကြောင်းများကြောင့် စာမေးပွဲကျရှုံးသူက ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းအပါအဝင် မလုပ်သင့်မလုပ်ထိုက်သည်များကို ပြုလုပ်ခဲ့ကြသည့် သတင်းများ နှစ်စဉ်ကြားရလေ့ရှိရာ ဆင်ခြင်တုံတရားထားရှိကြရန်လိုသည်။ ရှုံးသူကို ဝိုင်းဝန်းနှစ်သိမ့်အားပေးကြပြီး ပြန်လည်ကြိုးစားနိုင်ရန် ပံ့ပိုးကူညီကြရမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခြင်း သို့မဟုတ် ကျရှုံးခြင်းသည် ကျောင်းသား ကျောင်းသူအဖို့ ဘဝ၏ မှတ်တိုင်တစ်ခုဖြစ်သော်လည်း ဘဝအတွက် အဆုံးအဖြတ်တစ်ခု မဟုတ်သေး။ ပညာရှာမှီးမှု၏ လမ်းဆုံးလည်းမဟုတ်သေးပေ။ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာဟူသည့် လေးပါးသော အဓိပတိတရားတို့ ကြီးမှူး၍ ထာဝစဉ်ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် အခက်အခဲ အတားအဆီးဟူ၍မရှိ အောင်မြင်ကြရမည်သာ ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဇော်မင်းအောင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စု<br>တရားလွှတ်တော်ချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| (၂) ဦးဇော်ဖြိုးဝင်း | ညွှန်ကြားရေးမှူးချုပ်<br>မဟာဗျူဟာလေ့လာရေးနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၃) ဦးမင်းဟိန်း | ညွှန်ကြားရေးမှူးချုပ်<br>အီလက်ထရောနစ်<br>မှတ်ပုံတင်စနစ်ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၄) ဒေါက်တာချိုချိုမြင့် | ပါမောက္ခချုပ်<br>ရန်ကုန်ချောင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၅) ဒေါက်တာမြတ်မြတ်သော် | ပါမောက္ခချုပ်<br>စစ်ကိုင်းပညာရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## စစ်တွေမြို့ရှိ သိန်းတန်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအား ကြည့်ရှုအားပေး



**နေပြည်တော် ဇွန် ၇**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်အထူးဆေးကုသရေးအဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် ကျန်းမာရေးဦးစီးဌာနများမှ ကျန်းမာရေးဝန်ထမ်းများက ရခိုင်ပြည်နယ်အတွင်း မိုခါ မုန်တိုင်းသင့်ဒေသများမှ ဒေသခံပြည်သူများအား မြို့နယ်အလိုက် သတ်မှတ်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဆေးကုသရေးအဖွဲ့များက စစ်တွေမြို့နယ် သိန်းတန်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများအား သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု အားပေးပြီး (အပေါ်ပုံ) လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## သာပေါင်းမြို့နယ် ကျေးရွာအုပ်စုများ၌ ငါးသယံဇာတ၊ ရေသယံဇာတ ထိန်းသိမ်းရေးဟောပြောပွဲများ ကျင်းပ



**သာပေါင်း ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ငါးသယံဇာတ၊ ရေသယံဇာတ ထိန်းသိမ်းရေးဟောပြောပွဲကို ဒါးကမကျီးကုန်း ကျေးရွာအုပ်စုနှင့် ဇီးပင်ကွင်းကျေးရွာအုပ်စုများရှိ ပြည်သူများကို ဇီးပင်ကွင်းကျေးရွာဓမ္မာရုံ၌ ဇွန် ၅ ရက်က တွေ့ဆုံ၍ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ငါးသယံဇာတ၊ ရေသယံဇာတထိန်းသိမ်းရေး ဟောပြောပွဲတွင် မြို့နယ် ငါးလုပ်ငန်းဦးစီးအရာရှိ ဦးမျိုးသိမ်းက ဒါးကမကျီးကုန်း ကျေးရွာအုပ်စုနှင့် ဇီးပင်ကွင်းကျေးရွာအုပ်စုနေ ပြည်သူများအား သားစဉ်မြေးဆက် ငါးစားသုံးနိုင်ရေး၊ ငါးထုတ်လုပ်မှု တိုးတက်စေရေး၊ ရေသယံဇာတ၊ ငါးသယံဇာတ တိုးပွားစေရေးအတွက် အသိပညာပေး ဟောပြောပြီး ဝန်ထမ်းများက တက်ရောက်လာသော ပြည်သူများကို လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

မျိုးဇော်သိန်း (ပြန်/ဆက်)

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၇**

ထူးခြားသည့် အခြေအနေများမှာ ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် လေဖိအားနည်းဆဲလ်တစ်ခု ဖြစ်ပေါ်နေပြီး အဆိုပါ လေဖိအားနည်းဆဲလ်၏ အရှိန်ကြောင့် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေကာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

မိုး/ဇလ

❖ *ရွှေဖုံးမှ*

ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တေဇောဓာတ်ပူဇော်သည့်နေရာသို့ ရောက်ရှိရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြု၍ ဆရာတော်သံဃာတော်များအား ဖူးမြော်ကြပြီးနောက် တပည့်သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် လောင်တိုက်တော်ပေါ်သို့တက်ရောက်ပြီး အခမ်းအနားမှူးက သရီရဓာတ်ပြာတော်များကို ဓာတုပဝါဟနပူဇာသဘင် ဆင်ယင်ကျင်းပ ပူဇော်ခွင့်ပြုတော်မူရန် အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားကာ သရီရအရိုးဓာတ်ပြာတော်များကို အုန်းစိမ်းရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ရတနာရွှေအိုး၊ ငွေအိုးများနှင့် ရွှေအိတ်၊ ငွေအိတ်များတွင် ထည့်သွင်းပူဇော်ကြသည်။

**မရမ်းခြံဆိပ်ကမ်းနေရာသို့ ပင့်ဆောင်**

ထို့နောက် သံဃာတော်အရှင်သူမြတ်များဦးဆောင်၍ အနိစ္စာဝတ သင်္ခါရာ အစချီသော သံဝေဂသုံးဂါထာကို ရွတ်ဆိုပွားများပြီး အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် တောင်းပန်ကန်တော့လွှာဖြင့် နောက်ဆုံးတောင်းပန်ကန်တော့ခြင်းများ ဆောင်ရွက်ကြပြီး



ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရအရိုးဓာတ်ပြာတော်များကို နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် မန္တလေးမြို့မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသအမှူးပြု၍ ဆရာတော်သံဃာတော်များနှင့် တာဝန်ရှိသူများက ကရဝိက်ရွှေဖော်တော်ယာဉ်ပေါ်သို့ ပင့်ဆောင်စဉ်။



ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရအရိုးဓာတ်ပြာတော်များကို ကရဝိက်ဖောင်တော်ယာဉ်ဖြင့် ရေမျှောပူဇော်သဘင်ကျင်းပမည့် မရမ်းခြံဆိပ်ကမ်းနေရာသို့ ပင့်ဆောင်စဉ်။

ကရဝိက်ဖောင်တော်ယာဉ်ဖြင့် ရေမျှောပူဇော်သဘင်ကျင်းပမည့် မရမ်းခြံဆိပ်ကမ်းနေရာသို့ ပင့်ဆောင်ကြသည်။

**တက်ရောက်**

ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များ ရေမျှောပူဇော်သဘင်အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသအမှူးပြု၍ ဆရာတော်သံဃာတော်များ ကြွရောက်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးကိုကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တပည့်ဒါယကာ ဒါယိကာမများ၊ ဆွေတော်မျိုးတော်များ၊ ဝတ်ရွတ်အသင်းအဖွဲ့များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဆက်လက်၍ ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရအရိုးဓာတ်ပြာတော်များကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသအမှူးပြု၍ ဆရာတော်သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ကရဝိက်ရွှေဖော်တော်ရေယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

**ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပွားများ**

ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရအရိုးဓာတ်ပြာတော်များကို ရေမျှောပူဇော်မည့် မင်းရဲလှဆိပ်ကမ်းအနီးမြစ်လယ်သို့ ပင့်ဆောင်ပူဇော်ကြစဉ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသအမှူးပြု၍ ဆရာတော်သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ တပည့်ဒါယကာ ဒါယိကာမများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဝတ်ရွတ်အဖွဲ့များက ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်ကို အာရုံရည်မှန်းပြီး ပစ္စယနိဒ္ဒေသ (၂၄)ပစ္စည်း ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပွားများပူဇော်ကြသည်။



ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရအရိုး ဓာတ်ပြာတော်များကို ရေမျှောပူဇော်မည့် မင်းရဲလှဆိပ်ကမ်းအနီး မြစ်လယ်သို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိသူများ ပင့်ဆောင်ပူဇော်ကြစဉ်။

**သရီရအရိုးဓာတ်ပြာတော်များ ရေမျှောပူဇော်**

၎င်းနောက် ရေမျှောပူဇော်မည့်နေရာသို့ ရောက်သည့်အခါ အခမ်းအနားမှူးက သရီရဓာတု ပဝါဟနပူဇာအဖြစ် ဗန်းမော်ဆရာတော်ဘုရားကြီး၏ အရိုးဓာတ်ပြာတော်များကို ရေမျှောပူဇော်တော့မည်ဖြစ်ကြောင်း ကြေညာကာ အနိစ္စာ ဝတ သင်္ခါရာ အစချီသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများ၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက သရီရအရိုးဓာတ်ပြာတော်များကို ရေမျှောပူဇော်ကြပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

*စာမျက်နှာ ၄ သို့*

# ကျေးဇူးတင်လွှာ



ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက ပူဇော်ကန်တော့စဉ်။

**နေပြည်တော် ဇွန် ၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး (သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄) ဝါ) သည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း (၇)ရက်၊ ၂၀၂၃ ခုနှစ်၊ မေ ၂၅ ရက် (ကြာသပတေးနေ့)၊ ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

အဆိုပါ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားကို နာယကဆရာတော်ကြီးများ၏ ဩဝါဒများခံယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ဇွန် ၆ ရက်နေ့တွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားကို အန္တိမပူဇာသဘင်ဆင်ယင်ခြင်း၊ ချမ်းမြသာစည်စျာပနပကွင်းသို့ ကရဝိက်ယာဉ်တော်ဖြင့် ပင့်ဆောင်ခြင်း၊ အန္တိမစျာပနပူဇာသဘင်ဆင်ယင်ခြင်း၊ ယနေ့တွင် သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော်များအား ဧရာဝတီမြစ်၊ မရမ်းခြံဆိပ်ကမ်း၌ ရေမျှောပူဇော်ခြင်းအခမ်းအနားတို့ဖြင့် စည်းကားသိုက်မြိုက်စွာ ဆောင်ရွက်ခဲ့သည်။

ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနသာဓုကီဠန ပူဇာသဘင် အခမ်းအနား၏ အန္တိမပူဇာသဘင်တွင် **သံဝေဂဉာဏ် ပွားတော်မူကြောင်း သဝဏ်လွှာ**ကိုဖတ်ကြားပူဇော်ခဲ့သည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ **ဓမ္မသံဝေဂကထာတရား**မြွက်ကြား တော်မူခဲ့သည့် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသနှင့် အခမ်းအနားသို့ ကြွရောက်တော်မူသည့် နိုင်ငံတော် ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင် ဆရာတော်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော ဆရာတော်ကြီးများ၊ ရဟန်းသံဃာများနှင့် သာသနာ့နွယ်ဝင် သီလရှင်များအားလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဘုရားကြီး၏ အန္တိမ အဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားအား နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့သည့် တိုင်းဒေသကြီး သံဃနာယကအဖွဲ့နှင့် မြို့နယ်သံဃနာယကအဖွဲ့များမှ ဆရာတော် သံဃာတော်များ၊ ဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများအား လည်းကောင်း၊ အန္တိမအဂ္ဂိစျာပနသာဓုကီဠန ပူဇာသဘင်အခမ်းအနားသို့ တက်ရောက်ပူဇော်ခဲ့ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တပ်ရင်း/ တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များ၊ ဘာသာပေါင်းစုံ အသင်းအဖွဲ့များ၊ ကရဝိက်ဖောင်တော်၊ ဒေဝါဝင်း၊ ရာဇာဝင်းဖြင့် ပါဝင်ပူဇော်ပေးပါသော အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) မှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာတော်ဘုရားကြီး၏ ဆွေတော်မျိုးတော်များ၊ တပည့်ဒါယကာ ဒါယိကာမများ၊ ဥပါသကာများ၊ သံဝေဂဂါထာဖြင့် ပူဇော်ပေးသည့် မန္တလေးသိန်းဇော်နှင့် အနုပညာရှင်များအား လည်းကောင်း၊ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပအကြီးအကဲများနှင့် ဘာသာရေးဆိုင်ရာအဖွဲ့အစည်းအသီးသီးအား လည်းကောင်း၊ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန အခမ်းအနားတွင် လောင်တိုက်တော်နှင့် မဏ္ဍပ်များမှအစ စနစ်တကျစီမံပေးပါသော ဆရာတော်အရှင်သူမြတ်များနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်အလှူရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင် အခမ်းအနားနှင့် သရီရ ဓာတုပဝါ ဟနပူဇာ ဓာတ်ပြာတော်များအား ရေမျှောပူဇော်ခြင်းအခမ်းအနားများအား တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ SKY NET နှင့် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဗန်းမော်ဆရာတော်ကြီး၏ အန္တိမ အဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင်အခမ်းအနားကျင်းပရာ စံကျောင်းတော်နှင့် ချမ်းမြသာစည်စျာပနကွင်းသို့ ပင့်ဆောင်ပူဇော်ရာ တွင် လမ်းဘေးဝဲယာတစ်လျှောက်မှ စနစ်တကျနှင့် စည်းကမ်းရှိစွာ ဂါရဝပြု ဖူးမြော်ကြည်ညိုခဲ့ကြသည့် ပြည်သူများ၊ သရီရ ဓာတုပဝါဟန ပူဇာ ဓာတ်ပြာတော်များအား ရေမျှောပူဇော်ခြင်းအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ကြသူများနှင့် စေတနာသဒ္ဓါတရား ထက်သန်စွာ လှူဒါန်းခဲ့ကြသူများကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

**အန္တိမအဂ္ဂိစျာပန ပူဇော်ပွဲကျင်းပရေးဦးစီးကော်မတီ**



## ရေမျှောပူဇော်

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိသူများက ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရအရိုးဓာတ်ပြာတော်များကို ရေမျှောပူဇော်စဉ်။

*စာမျက်နှာ ၃ မှ*

### မြစ်ကမ်းပေါ်မှဖူးမြော်

ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရအရိုးဓာတ်ပြာတော်များကို ရေမျှောပူဇော်ရာတွင် ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ တပည့် ဒါယကာ ဒါယိကာမများက ရွှေကိန္နရီ၊ ပွင့်ဖြူ၊ ပြဒါးပျံ၊ ပတိုင်း၊ ပိတောက်ရေယာဉ်များဖြင့် ခြံရံလိုက်ပါပူဇော်ကြကြောင်းနှင့် လမ်းကြောင်းတစ်လျှောက်တွင်လည်း ရဟန်းရှင်လူပြည်သူအပေါင်းတို့က မြစ်ကမ်းပေါ်မှဖူးမြော်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်






# စစ်တွေမြို့ပေါ်ရပ်ကွက်များသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားစတင်ဖြန့်ဖြူး

**စစ်တွေ ဇွန် ၇**

စစ်တွေမြို့ပေါ် ရပ်ကွက်များသို့ နိုင်ငံတော်ဓာတ်အား စနစ်မှ ဓာတ်အားစတင် ဖြန့်ဖြူးခြင်း အခမ်းအနားကို ယနေ့ညပိုင်းတွင် စစ်တွေမြို့ (၆၆/၁၁)ကေဗွီ စစ်တွေ ဓာတ်အားခွဲရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာ သက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဓာတ်အားပို့လွှတ်**

အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ၁၁ ကေဗွီ မေယု (၁) ဓာတ်အားလိုင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မေယု(၂) ဓာတ်အားလိုင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က မေယု (၃) ဓာတ်အားလိုင်း၊ ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက မေယု(၄) ဓာတ်အားလိုင်းတို့ကို အသီးသီး စက်ခလုတ်နှိပ်၍ ဓာတ်အား ပို့လွှတ်ပေးကြသည်။**(အပေါ်ပုံ)**

မုန်တိုင်း အလွန်ကာလ ဓာတ်အားဖြန့်ဖြူးမှု ပထမအဆင့် အနေဖြင့် ယနေ့ညပိုင်းတွင် စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့ရှိ ပြည်သူများသို့ နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**







# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် တိုင်းဒေသကြီး/ပြည်နယ် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သည့် အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြု

**ပဲခူး ဇွန် ၇**

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများနှင့် တိုင်းဒေသကြီး/ပြည်နယ် အားကစားပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သည့်အားကစားသမားများ၊ အုပ်ချုပ်/နည်းပြများအား ထပ်ဆင့်ဂုဏ်ပြုခြင်းအခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇွန် ၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

**ထိုက်ထိုက်တန်တန်ဂုဏ်ပြု**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး အတွင်းမှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများက အားကစားနည်းအလိုက် ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ရှစ်ခု စုစုပေါင်း ၁၉ ခု ရယူနေပေးနိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိကြောင်း၊ တိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် အောင်နိုင်ရေးအလံပေးအပ်ခြင်းနှင့် ထောက်ပံ့ငွေပေးအပ်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆုတံဆိပ်များ ရရှိလာပါ



ကလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ နိုင်ငံတကာ အလယ်မှာ မြန်မာနိုင်ငံတော်အလံလွှင့်ပျံအောင် စွမ်းဆောင်ကြိုးပမ်းနိုင်ခဲ့သည့် ပဲခူးတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ၊ နည်းပြများအား ယခုကဲ့သို့ အခမ်းအနားဖြင့် မှတ်တမ်းတင် ထပ်ဆင့်ဂုဏ်ပြုပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် တိုင်းဒေသကြီး/ပြည်နယ် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် တိုင်းဒေသကြီးဂုဏ်ဆောင်အားကစားသမားများ၊ နည်းပြ/အုပ်ချုပ်သူများနှင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းကြီးများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တရားလွှတ်တော်တရား သူကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တိုင်းဒေသကြီးကိုယ်စားပြု နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ၊ နည်းပြ/အုပ်ချုပ်သူများ၊ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားဟောင်းများအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စုစုပေါင်းငွေကျပ် ၅၄၉ သိန်းကျော် ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်ကာ တိုင်းဒေသကြီး/ပြည်နယ်နှင့် ၂၀၂၃ ခုနှစ် အမျိုးသား/အမျိုးသမီး တင်းနစ်ပြိုင်ပွဲတွင်လည်း ရွှေတံဆိပ် ခုနစ်ခု ပေးရာ ပဲခူးတိုင်းဒေသကြီး တင်းနစ်အသင်းအနေဖြင့် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် နှစ်ခု၊ အမျိုးသားတံခွန်စိုက်ဆု၊ အမျိုးသမီးတံခွန်စိုက်ဆု၊ စုပေါင်းတံခွန်စိုက်ဆုနှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုများရရှိခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် ဦးစီးအရာရှိများ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၃/၂၀၂၃) သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၇**

လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် ဦးစီးအရာရှိများ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၃/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က အခြေခံပညာဦးစီးဌာန ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း (ရန်ကုန်) ရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်၊ ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း (ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးများ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနမှူးများ၊ လက်ထောက် ကထိကများ၊ ဦးစီးအရာရှိများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က သင်တန်းအမှာစကားပြောကြားသည်။

ယခုသင်တန်းကို စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရသည့် အရာထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို တတ်ကျွမ်းနားလည်စွာ ဆောင်ရွက်တတ်စေရန်နှင့် သင်ကြားသင်ယူမှုဆိုင်ရာ လုပ်ငန်းများ၊ မူဝါဒ/စီမံကိန်းဆိုင်ရာ လုပ်ငန်းများ၊ ကွန်ပျူတာ၊ ICT လုပ်ငန်းများ ပိုမိုတတ်ကျွမ်းနားလည်လာစေရန်အတွက် ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း (ရန်ကုန်) မှ သင်တန်းနည်းပြ ၁၃ ဦးတို့က ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စုစုပေါင်း ၂၇၆ ဦး တက်ရောက်ပြီး ဇွန် ၆ ရက်မှ ဇူလိုင် ၁ ရက်အထိ ၂၆ ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများကို အဓိက ဦးစားပေးကူညီထောက်ပံ့ပေးသွားမည်

## တောင်သူများအနေဖြင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး မျိုး၊ မြေ၊ ရေ၊ သွင်းအားစု၊ နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးဆောင်ရွက်သွားကြရန်လို

**စစ်တွေ ဇွန် ၇**

စစ်တွေမြို့၌ ရောက်ရှိနေသော နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုပြီး မိုးစပါးစံပြစိုက်ကွက် သရုပ်ပြထွန်ယက်ခြင်းနှင့် စပါးမျိုးစေ့ပေးအပ်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့ စစ်တွေမြို့ ပျားလည်ချောင်းကျေးရွာ၌ ထွန်စက်များဖြင့် သရုပ်ပြထွန်ယက်နေမှုကို ကြည့်ရှုအားပေးစဉ်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့သည် စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက်ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်တန်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ၍ မိမိတို့ သင်ကြားရသည့် ဘာသာရပ်များကိုကျွမ်းကျင်စွာ တတ်မြောက်အောင် ကြိုးစားသင်ယူကြစေ လိုကြောင်း၊ သင်တန်းပြီးဆုံး၍ ပြည်သူလူထုအား ကျန်းမာရေးဝန်ဆောင်မှုပေးရာတွင်လည်း ဝါသနာ၊ စေတနာ အရင်းခံပြီး ကြင်ကြင်နာနာ ကုသပေးကြစေလိုကြောင်း၊ နိုင်ငံတော်၏ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများတွင် အားကိုးအားထားပြုရသည့်သူများ ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့ စစ်တွေမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။

### ချီးမြှင့်ငွေများ ပေးအပ်

ထို့နောက် စာသင်ဆောင်၊ ထမင်းစားဆောင်၊ အိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးကာ သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့သည် စစ်တွေမြို့နယ် ပျားလည်ချောင်းကျေးရွာ၌ ကျင်းပသည့် မိုးစပါးစံပြစိုက်ကွက် သရုပ်ပြထွန်ယက်ခြင်းနှင့် စပါးမျိုးစေ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က အမှာစကား ပြောကြားကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မိုးစပါးစံပြစိုက်ကွက် သရုပ်ပြထွန်ယက်ခြင်း၊ စပါးမျိုးစေ့များ ထောက်ပံ့ ပေးအပ်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက ပျားလည်ချောင်းကျေးရွာ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲက ထုတ်လုပ်သည့် ဆင်းသွယ်လတ်စပါးမျိုးစေ့နှင့် GW–11 စပါးမျိုးစေ့အိတ်များကို ထောက်ပံ့ပေးအပ်ပြီး ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ပျားလည်ချောင်းကျေးရွာ မိုးစပါးစံပြစိုက်ကွက်များတွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ပေးပို့ထားသည့် နယူးဟော်လန် ထွန်စက်များဖြင့် သရုပ်ပြ ထွန်ယက်နေမှုကို ကြည့်ရှုအားပေးသည်။

### တက်ရောက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့သည် စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာ၌ ကျင်းပသည့် မိုးစပါးစံပြစိုက်ကွက် သရုပ်ပြထွန်ယက်ခြင်းနှင့် စပါးမျိုးစေ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မိုးစပါးစံပြစိုက်ကွက် သရုပ်ပြထွန်ယက်ခြင်း၊ စပါးမျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက ရွာသစ်ကေကျေးရွာရှိ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲက ထုတ်လုပ်သည့် ဆင်းသွယ်လတ်စပါးမျိုးစေ့၊ GW–11 စပါးမျိုးစေ့အိတ်များနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကို ထောက်ပံ့ပေးအပ်ပြီး ရွာသစ်ကေကျေးရွာ မိုးစပါးစံပြစိုက်ကွက်များတွင် နယူးဟော်လန် ထွန်စက်များဖြင့် သရုပ်ပြထွန်ယက်နေမှုကို ကြည့်ရှုအားပေးသည်။

### အားသွန်ခွန်စိုက် ဆောင်ရွက်

အဆိုပါ အခမ်းအနားများတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိုင်ငံတော်အစိုးရအနေဖြင့် မုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးအပိုင်းတွင် ရာသီချိန်အမီ ထွန်ယက်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထွန်စက်များဖြင့် ကူညီထွန်ယက်ပေးခြင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးစပါးများ ဖြန့်ဝေထောက်ပံ့ပေးခြင်း၊ ရေငန်တားတာများ ပြုပြင်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများကို အဓိက ဦးစားပေး ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့်လည်း ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး မျိုး၊ မြေ၊ ရေ၊ သွင်းအားစု၊ နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း၊ အားလုံး ပူးပေါင်းပါဝင်သည့် လက်လှမ်းမီသီးနှံပုံစံ သုတေသနလုပ်ငန်းများကိုလည်း တစ်ပါတည်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ယခင်အခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ အနေဖြင့် အားသွန်ခွန်စိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တောင်သူလယ်သမားများ၏ လယ်ယာမြေများကို ကူညီထွန်ယက်ပေးရန် ဇွန် ၃ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ပေးပို့သည့် နယူးဟော်လန် ထွန်စက် ၃၃ စီး စစ်တွေဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ရခိုင်ပြည်နယ်၌ ယခင်ထွန်စက် ၄၇ စီး ရှိပြီးဖြစ်သဖြင့် စုစုပေါင်း ထွန်စက်အစီး ၈၀ ဖြင့် ရာသီအမီ စိုက်ပျိုးနိုင်ရေးအတွက် ကူညီထွန်ယက်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့်လည်း ရခိုင်ပြည်နယ်အတွင်း သမဝါယမစနစ်ဖြင့် မိုးစပါး ဧက ၁၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်သည်။

### ကျောင်းများအားလုံး ဖွင့်လှစ်နိုင်

ရခိုင်ပြည်နယ်အတွင်း ဇွန် ၁ ရက်က ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ခဲ့ပြီး အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံမှုနှင့် ပညာသင်ကြားနေမှုအနေဖြင့် ဇွန် ၆ ရက်အထိ အထက်တန်းအဆင့်၌ ၃၁၂၆၇၆ ဦး၊ အလယ်တန်းအဆင့်၌ ၁၀၀၈၁၅ ဦးနှင့် မူလတန်းအဆင့်၌ ၅၁၇၁၉ ဦး စုစုပေါင်း ကျောင်းသားဦးရေ ၄၆၅၂၁၀ ကျောင်းအပ်နှံသင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် နယူးဒေလီမြို့အခြေစိုက် တောင်အာရှနိုင်ငံခြားသတင်းထောက်များ အသင်းဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၇**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် နယူးဒေလီမြို့အခြေစိုက် တောင်အာရှနိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌ Mr. Shirumalla Venkat Narayan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရမှ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ လမ်းပန်းဆက်သွယ်မှု ချိတ်ဆက်ရေးနှင့် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အား နယူးဒေလီမြို့ရှိ တောင်အာရှနိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ



**နေပြည်တော် ဇွန် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ တောင်အာရှနိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌ Mr.Shirumalla Venkat Narayan နှင့် အဖွဲ့က ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

တွေ့ဆုံစဉ် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ The Global New Light of Myanmar သတင်းစာ အဆင့်မြှင့်တင်ပြောင်းလဲရေးနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး သတင်းများ ထည့်သွင်းဖော်ပြပေးရေး၊ အိန္ဒိယနိုင်ငံ၌ ဖွင့်လှစ်သည့် သတင်းမီဒီယာသင်တန်းကျောင်းများတွင် မြန်မာနိုင်ငံမှ သင်တန်းသားများ ပိုမိုတက်ရောက်နိုင်ရေး၊ ပြည်ပမီဒီယာများ စိတ်ဝင်စားသည့်သတင်းနှင့် သတင်းပုံစံကျ ဖော်ပြနိုင်ရန် ဆောင်ရွက်ရေး၊ သတင်းမီဒီယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး၊ နိုင်ငံပိုင်မီဒီယာနှင့် လွတ်လပ်သည့် မီဒီယာ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံသတင်းသမားများ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့အခြေစိုက် တောင်အာရှနိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့အခြေစိုက် တောင်အာရှနိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌ Mr. Shirumalla Venkat Narayan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာမှ ပိုမိုသိရှိရေးနှင့် နိုင်ငံပိုင်သတင်းမီဒီယာများတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

အရာရှိ၊ စစ်သည်၊ စစ်သမီးများ၊ စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသည့် အခြေခံစားကုန်များနှင့် ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်း ၂ ဒသမ ၆ တန်တို့ကို တင်ဆောင်၍ ရန်ကုန်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၄၇၆ ဒသမ ၄ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၁၉၁ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများအား မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါတပ်မတော်လေယာဉ်/ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# တနင်္သာရီမြို့တွင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တနင်္သာရီ ဇွန် ၇**

၂၀၂၃ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ (World Environment Day) အထိမ်းအမှတ်အဖြစ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၇ နာရီခွဲက တနင်္သာရီမြို့ မြို့မအားကစားကွင်းအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ကျင်းပသည်။

ယင်းသစ်ပင်စိုက်ပျိုးပွဲသို့ အမှတ် (၂)စစ်နယ်မြေမှူး ဗိုလ်မှူးကြီး အောင်ကိုလတ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သက်သက်ထူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၃၀ ကျော် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ(ကိုယ်စား) တောအုပ် ဦးကျော်မြင့်ထွန်းက အမှတ်(၂) စစ်နယ်မြေမှူး ဗိုလ်မှူးကြီးအောင်ကိုလတ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သက်သက်ထူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမင်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်ကျော်ခေါင်တို့အား ပျိုးပင်များကို ဖြန့်ဝေပေးအပ်ပေးပြီးနောက် တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် ပျဉ်းကတိုးပင် ၃၀၀၊ ခရေပင် ၂၀၀၊ မဟော်ဂနီပင် ၂၀၀၊ စိန်ပန်းပင် ၃၀၀ စုစုပေါင်း ပျိုးပင် ၁၀၀၀ တို့ကို စနစ်တကျ စိုက်ပျိုးပေးကြကြောင်း သိရသည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်သူများကို မြို့နယ်သစ်တောဦးစီးဌာနမှ ကောက်ညှင်းပေါင်းနှင့် လက်ဖက်ရည်တို့ဖြင့် ကျွေးမွေးဧည့်ခံကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

# နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော်  ဇွန်  ၇**

နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။





သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ဦးနှင့် ဦးကျော်ဆန်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဦးကျော်စိန်၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး က ယခုသင်တန်းတွင် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများ အနေဖြင့် သိသင့်သိထိုက်သည့် ဥပဒေရေးရာကိစ္စရပ်များဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေရေးဆွဲခြင်း၊ စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေများ လက်တွေ့အသုံးချမှု၊ ပြစ်မှုဆိုင်ရာနှင့် အထူးဥပဒေများ လက်တွေ့အသုံးချမှု၊ တရားမဆိုင်ရာကိစ္စများ၊ အထွေထွေဥပဒေအကြံပေးရေးဆိုင်ရာ ကိစ္စများကို ဥပဒေရေးရာနယ်ပယ်တွင် အတွေ့အကြုံများစွာရှိသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ အကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ ဥပဒေရေးရာဝန်ကြီးဌာနမှ အငြိမ်းစားယူပြီးသည့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်ကြီးများ၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းပြီးမြောက်အောင် တက်ရောက်ခဲ့သည့် သင်တန်းသားများကိုလည်း ဥပဒေရေးရာကျွမ်းကျင်ကြောင်း အသိအမှတ်ပြုလက်မှတ် (Certificate) များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဥပဒေသင်တန်းကျောင်း ဖွင့်လှစ်ပြီးပါက ဥပဒေဒီပလိုမာဘွဲ့ ပေးအပ်ချီးမြှင့်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုသင်တန်းကို အပတ်စဉ် ကြာသာပတေးနေ့၊ သောကြာနေ့နှင့် စနေနေ့များတွင် နံနက် ၇ နာရီခွဲမှ ၁၀ နာရီအထိ ရက်သတ္တပတ် ၁၀ ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် ဤသင်တန်းမှ သင်ကြားပို့ချပေးသည့် ဥပဒေပညာရပ်များကို မိမိတို့လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ ဝန်ကြီးဌာနအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ကောင်းစွာဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သင်တန်းသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ တပ်ဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ပါမောက္ခချုပ်နှင့် အထွေထွေမန်နေဂျာစသည့် သင်တန်းသား သင်တန်းသူ ၃၇ ဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် အား မြန်မာ - တရုတ် ခရီးသွားမြှင့်တင်ရေး အမှုဆောင်ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော်  ဇွန်  ၇**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်အား မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေး အမှုဆောင်ဥက္ကဋ္ဌ Mr. David Liu နှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အတွက် တရုတ်နိုင်ငံတွင် အသုံးများသော တစ်တော့ (Tiktok)၊ ကွိုက်ဗိုလ် (Kuaishou) ကဲ့သို့ လူမှုကွန်ရက်မီဒီယာ ပလက်ဖောင်းများတွင် Myanmar Pavilion အမည်ဖြင့် မြှင့်တင်ကြော်ငြာရေး၊ ၂၀၂၄ ခုနှစ်တွင် International Mountain Tourism ပွဲတော် ကျင်းပနိုင်ရေး၊ မြန်မာ – တရုတ် ချစ်ကြည်ရေးမြို့တော်များ ဆောင်ရွက်နိုင်ရေး တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**







# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့သို့ ရောက်ရှိ

**နေပြည်တော်  ဇွန်  ၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေသည် အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့မှတစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့သို့ ယနေ့မွန်းလွဲပိုင်းတွင် ရောက်ရှိရာ Shukshin တက္ကသိုလ်မှ တာဝန်ခံပါမောက္ခချုပ် Elena Viktorovna Guselnikova၊ တာဝန်ခံ ဒုတိယပါမောက္ခချုပ် Dr. Mikhail Sergeevich Vlasov နှင့် ညွှန်ကြားရေးမှူး Dr. Natalya Grigoryevna Vinogradova တို့က လေဆိပ်တွင် လာရောက်ကြိုဆိုနှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် National Library of the Republic of Tatarstan သို့ သွားရောက်၍ စာအုပ်ငှားရမ်းမှုစနစ်၊ စာဖတ်ခန်းများ၊ စာအုပ်ဟောင်းများ ထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုလေ့လာသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် “Uram” အားကစားရွာသို့ရောက်ရှိပြီး လူငယ်များ အားကစားလေ့ကျင့်နေမှုကို လည်းကောင်း၊ DJ School သို့ လည်းကောင်း သွားရောက်လေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

⚙ *ကျောဖုံးမှ*

ထုတ်လွှင့်ပေးမည့် စာစစ်ဌာနများမှာ **ကချင်ပြည်နယ်မှ** ဝိုင်းမော်၊ တနိုင်း၊ ချီဖွေ၊ ဖားကန့်၊ မိုးမောက်၊ ပူတာအို၊ ခေါင်လန်ဖူး၊ မချမ်းဘောနှင့် နောင်မွန်စာစစ်ဌာန၊ **ကယားပြည်နယ်မှ** လွိုင်ကော်၊ ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့ စာစစ်ဌာန၊ **ကရင်ပြည်နယ်မှ** လှိုင်းဘွဲ့၊ သံတောင်၊ ဖာပွန်၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီစာစစ်ဌာန၊ **ချင်းပြည်နယ်မှ** ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ ကန်ပက်လက်၊ မတူပီနှင့် ပလက်ဝစာစစ်ဌာန၊ **ရခိုင်ပြည်နယ်မှ** မောင်တောနှင့် ဘူးသီးတောင်စာစစ်ဌာန၊ **ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ** မိုင်းခတ်၊ မိုင်းပျဉ်း၊ မက်မန်း၊ မိုင်းယန်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းဖြတ်နှင့် မိုင်းယောင်းစာစစ်ဌာန၊ **ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ** ကွမ်းလုံ၊ ဟိုပန်၊ လောက်ကိုင်၊ မိုးမိတ်နှင့် မဘိမ်းစာစစ်ဌာန၊ **ရှမ်းပြည်နယ် (တောင်ပိုင်း)မှ** ပင်လောင်း၊ မိုင်းကိုင်၊ ကွန်ဟိန်း၊ မိုးနဲ၊ မိုင်းရှူး၊ ကျေးသီးမံစံ၊ မိုင်းပန်နှင့် မောက်မယ်စာစစ်ဌာန၊ **တနင်္သာရီတိုင်းဒေသကြီးမှ** ကျွန်းစု၊ ပုလောနှင့် ဘုတ်ပြင်းစာစစ်ဌာန၊ **မကွေးတိုင်းဒေသကြီးမှ** စေတုတ္တရာ၊ ငဖဲ၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဂန့်ဂေါနှင့် ထီးလင်းစာစစ်ဌာန၊ **စစ်ကိုင်းတိုင်းဒေသကြီးမှ** မင်းကင်း၊ ကလေးဝ၊ ဝက်လက်၊ ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ ဒီပဲယင်း၊ တန့်ဆည်၊ အရာတော်၊ ချောင်းဦး၊ ကနီ၊ ဆားလင်းကြီး၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသို၊ မော်လိုက်၊ ဖောင်းပြင်၊ ခန္တီး၊ ဟုမ္မလင်း၊ လေရှီး၊ လဟယ်နှင့် နန်းယွန်းစာစစ်ဌာန၊ **ရန်ကုန်တိုင်းဒေသကြီးမှ** ကိုကိုးကျွန်းစာစစ်ဌာနတို့ ဖြစ်သည်။

အဆိုပါတက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကြေညာချက်များကို မြန်မာနိုင်ငံအထက်ပိုင်းဒေသ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများအတွက် လှိုင်းတို (၅၀ ဒသမ ၇၁ မီတာ)၊ ( ၅၉၁၅ ကီလိုဟက်ဇ်) မှ လည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများအတွက် လှိုင်းလတ် (၄၁၁ ဒသမ ၅၂ မီတာ)၊ (၇၂၉ ကီလိုဟက်ဇ်)မှလည်းကောင်း ဖမ်းယူနားဆင်နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၇**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ငါး ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ် စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြသည်။ **(အောက်ပုံ)**

ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ပလက်ဝမြို့နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးတာဝန်ခံ လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးဆန်အိတ်များ သယ်ဆောင်လာသည့် သင်္ဘောအား ကြည့်ရှုစစ်ဆေး

**ပလက်ဝ ဇွန် ၇**

ချင်းပြည်နယ် ပလက်ဝမြို့နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးတာဝန်ခံ ဗိုလ်မှူးချုပ် နေဝင်းအောင်၊ နယ်မြေခံတပ်မမှူး ဗိုလ်မှူးချုပ် မင်းမင်းထွန်းနှင့် သက်ဆိုင်ရာ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် ယနေ့ နံနက်ပိုင်းက လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေး ဆန်သယ်ဆောင်လာသည့် ကုလားတန် (၄) သင်္ဘောပေါ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ကုလားတန် (၄) သင်္ဘောသည် အိန္ဒိယ - မြန်မာ ချစ်ကြည်ရေးကုလားတန်ဘက်စုံ စီမံကိန်းဆိပ်ခံတံတား၌ ဆိုက်ကပ်ခြင်းဖြစ်ပြီး လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေး ဆန် ၁၈၆၁ အိတ်ကို သင်္ဘောပေါ်မှ စက်လှေပေါ်သို့ လည်းကောင်း၊ စက်လှေပေါ်မှတစ်ဆင့် သိုလှောင်ရုံ ဆိုင်ကလုန်းစင်တာသို့လည်းကောင်း သယ်ယူမည်ဖြစ်ရာ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းကာ ဝိုင်းဝန်းကူညီ သယ်ယူပေးခဲ့ကြသည်။

ယင်းကယ်ဆယ်ရေး ဆန်အိတ်များ သယ်ယူရာတွင် မြို့နယ်သဘာဝဘေးပြန်လည်ထူထောင်ရေး တာဝန်ခံဗိုလ်မှူးချုပ် နေဝင်းအောင်၊ နယ်မြေခံတပ်မမှူး ဗိုလ်မှူးချုပ် မင်းမင်းထွန်း၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၇**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်း၍ စစ်တွေမြို့ ကားလမ်းတစ်လျှောက်ရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများနှင့် ဒေသခံပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။




အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မင်းကန်ကျေးရွာအတွင်းရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် လှမချေကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ပန်းတောပြင်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် သောက်သုံးရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်း၍ ကျောက်ဖြူလေဆိပ်၌ သစ်ပင်၊ သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ရပ်ကွက် ၂ အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်တော်မြို့ရှိ ဒေသခံပြည်သူများအား သောက်ရေသန့်များ ပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(ဝဲပုံ)**

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ အခြေပြု၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ သိန်းတန်ကျေးရွာမှ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဦးလွင်မြို့နယ် မြို့လယ်ရွှေစည်းခုံကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၃) မြို့လယ် ရွှေစည်းခုံကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော် ၇၁ ပါးနှင့် ဒေသခံပြည်သူ ၃၄ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကူညီကယ်ဆယ် မုန်တိုင်းအန္တရာယ်

စော်မွန်ငါး

**သဘာဝဘေးအန္တရာယ်ဆိုသည်မှာ သဘာဝအလျောက် ရုတ်တရက်ပြောင်းလဲဖြစ်ပေါ်လာသည့် မြေလျှင်လှုပ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီရေလှိုင်းရိုက်ခတ်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ထူးဆန်းရောဂါဘေးအန္တရာယ်များ ကျရောက်ခြင်းတို့ဖြစ်ပြီး အချိန်အခါမရွေး၊ ဒေသမရွေး ဖြစ်ပေါ်လာနိုင်သည်။**

၂၀၀၈ ခုနှစ်တွင် ဘင်္ဂလားပင်လယ်အော်မှ စတင်အစပျိုးတိုက်ခတ်ခဲ့သည့် အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "နာဂစ်" သည် ဟိုင်းကြီးကျွန်းမှတစ်ဆင့် မြစ်ဝကျွန်းပေါ်ဒေသသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည်။ မေ ၂ ရက် "နာဂစ်" ဆိုင်ကလုန်းမုန်တိုင်းမတိုက်ခတ်မီ တစ်ပတ်ခန့် အလိုတွင် နေ့အပူချိန်များ သိသိသာသာမြင့်တက်လာသည်ကို ပြည်သူများ သတိပြုမိမည်ထင်ပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း စတင်ဖြစ်ပေါ်ခဲ့မှု၊ မုန်တိုင်းဖြစ်ပေါ်ခဲ့မှုနှင့် ရွေ့လျားရာလမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နေသော်လည်း မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူများသည် သာမန်မုန်တိုင်းအဆင့်အဖြစ် သဘောထားထင်မြင်မှု၊ ပြင်းထန်သည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ဖူးခြင်းမရှိမှု စသည့်တို့ကိုအခြေခံ၍ ပေါ့လျော့စွာ ထင်မြင်ယူဆခဲ့ကြသည်။



မေ ၁၉ ရက်က ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ တပ်ဖွဲ့တင်ရေယာဉ်(ချင်းတွင်း) ဖြင့် ပို့ဆောင်ပေးစဉ်။

### အကြီးမားဆုံး သဘာဝဘေး

ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုမရှိခြင်း၊ မုန်တိုင်းလွတ်ရာသို့ ပြောင်းရွှေ့မှုမရှိခြင်းတို့ကြောင့် ပြည်သူများ အသက်အိုးအိမ်စည်းစိမ်များ များစွာထိခိုက်ခဲ့ရ၍ "နာဂစ်" မုန်တိုင်းသည် အာရှတိုက်၏ အကြီးမားဆုံး သဘာဝဘေးအန္တရာယ်တစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲများက ထပ်မံဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရေးအတွက် မုန်တိုင်းဝင်ရောက်နိုင်သည့် ဒေသများတွင် မုန်တိုင်းဒဏ်ခံအဆောက်အဦ (Cyclone Shelter) များ ဆောက်လုပ်ပေးခဲ့သည်။

ယခုအခါ ၂၀၂၃ ခုနှစ် မေ ၁၄ ရက် ၁၂:၄၅ နာရီအချိန်ခန့်တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် စစ်တွေမြို့တို့အကြားမှ ဖြတ်ကျော်ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"နှင့် ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်ခဲ့သည့် မေ ၁ ရက်မှ စတင်၍ နိုင်ငံပိုင်သတင်းစာ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုကွန်ရက်စာမျက်နှာများမှ ပြည်သူများအား အသိပေးကြေညာခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် မိုးလေဝသပညာရှင်များကလည်း ပြည်သူများအား အသိပေးနိုင်ရေးအတွက် ရေးသားပြုစု ဖော်ပြပေးခဲ့ကြသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"နှင့် ပတ်သက်၍ နေ့အလိုက် အောက်ဖော်ပြပါအတိုင်း ထုတ်ပြန်ကြေညာခဲ့ပါသည်–

(က) မေလ ၁ ရက်နေ့နှင့် ၃ ရက်နေ့ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်ပြီး မေလ ၈ ရက်နေ့တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း၊

( ခ ) မေလ ၉ ရက်နေ့ ၁၇:၃၀ နာရီအချိန်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး ပိုမိုအားကောင်းလာနိုင်သဖြင့် နောက် ၆ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ မေလ ၁၀ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ကြောင်း၊ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ကနဦးတွင် မြောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး မေလ ၁၁ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းသို့ ရောက်ရှိကာ ထိုမှတစ်ဆင့် မြောက်–အရှေ့မြောက်ဘက်သို့ကွေ့ကာ ဘင်္ဂလားဒေ့ရှ် – မြန်မာကမ်းရိုးတန်းသို့ ရွေ့လျားနိုင်ကြောင်း၊

( ဂ ) မေလ ၁၀ ရက်နေ့ ၁၇:၃၀ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည် မြောက် – အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ် – မြန်မာ ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့် အခြေအနေရှိသဖြင့် လိမ္မော်ရောင်အဆင့် သတ်မှတ်ခဲ့ကြောင်း၊

(ဃ) နောက်လေးရက်အတွင်း ခန့်မှန်းချက်အရ အဆိုပါအားကောင်းသော မုန်တိုင်းငယ်သည် မြောက် – အနောက်မြောက်ဘက်သို့ ရွေ့လျားပြီးနောက် ၆ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း၊ မေလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း၊ မေလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် မြောက် – အရှေ့မြောက်ဘက်သို့ တဖြည်းဖြည်းကွေ့ကာ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ကြောင်း၊

( င ) ထို့နောက် မေလ ၁၃ ရက်နေ့ ညနေပိုင်းတွင် အားအနည်းငယ်လျော့သွားနိုင်ပြီး မေလ ၁၄ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်း ကမ်းခြေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့အကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း၊

( စ ) မေလ ၁၁ ရက်နေ့ ၂၀:၃၀ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အဖြစ်သို့ ရောက်ရှိခဲ့ကြောင်း၊

(ဆ) အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက် – အနောက်တောင်ဘက် ရေမိုင် ၃၃၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၄၃၅ မိုင်ခန့်၊ စစ်တွေမြို့၏ တောင်–အနောက်တောင်ဘက် ရေမိုင် ၅၅၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ နီကိုးဘားကျွန်း၏ အနောက် – အနောက်မြောက်ဘက် ရေမိုင် ၄၆၅ မိုင်ခန့်၊ ပို့ပလဲယား၏ အနောက်ဘက် ရေမိုင် ၂၈၅ မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့၏ တောင် – အနောက်တောင်ဘက် ရေမိုင် ၅၉၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်း၊

( ဇ ) အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် ဘင်္ဂလားဒေ့ရှ် – မြန်မာ ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့် အခြေအနေရှိပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်ခဲ့ကြောင်း၊

( ဈ ) အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် နောက် ၁၂ နာရီအတွင်း မြောက်ယွန်းယွန်းသို့ ရွေ့လျားနိုင်ပြီး မေလ ၁၂ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း၊ ထို့နောက် အဆိုပါအားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် မြောက် – အရှေ့မြောက်ဘက်သို့ တဖြည်းဖြည်းကွေ့ကာ မေလ ၁၄ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့အကြား စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရပါကြောင်း၊

(ည) မေ ၁၂ ရက် ၂၁:၃၀ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် မြောက်–အရှေ့မြောက်ဘက်သို့ရွေ့လျားခဲ့ကြောင်း၊

( ဋ ) အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် မြောက် – အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာကာ နောက် ၉ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"အဖြစ်သို့ ရောက်ရှိနိုင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့ကြား စစ်တွေမြို့အနီးမှ မေလ ၁၄ ရက်နေ့ နေ့လယ်ပိုင်းတွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အနေဖြင့် ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း၊

( ဌ ) မေလ ၁၃ ရက်နေ့ ၂၁:၃၀ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အနီရောင်အဆင့် သတ်မှတ်ခဲ့ကြောင်း၊

( ဍ ) အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် မြောက် – အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ရခိုင်ကမ်းရိုးတန်းကို စတင်ဖြတ်ကျော်နိုင်ကာ မေလ ၁၄ ရက်နေ့ နေ့လယ်ပိုင်းတွင် မုန်တိုင်း၏ ဗဟိုချက်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့အကြား စစ်တွေမြို့အနီးမှ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အနေဖြင့် ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း၊

( ဎ ) မေလ ၁၄ ရက်နေ့ ၁၂:၄၅ နာရီအချိန်တွင် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် ရခိုင်ပြည်နယ် စစ်တွေမြို့အနီးမှ တစ်နာရီလျှင် မိုင် ၁၂၀ ခန့်ဖြင့် ကုန်းတွင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

(ဏ) မေလ ၁၄ ရက်နေ့ ၂၁:၃၀ နာရီအချိန် တိုင်းထွာချက်များအရ ချင်းပြည်နယ် ပလက်ဝမြို့အနီးမှ ကုန်းတွင်းသို့ ဖြတ်ကျော် ဝင်ရောက်ခဲ့သော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် မြောက် - အရှေ့မြောက်ဘက်သို့ရွေ့လျားခဲ့ပြီးအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အဖြစ်သို့ အားလျော့သွားခဲ့ကာ မတူပီမြို့အနီးမှ မြောက် - အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ကြောင်း၊

(တ) မုန်တိုင်းသည် ချင်းပြည်နယ် မတူပီမြို့အနီးမှ ဆက်လက်ရွေ့လျားလျက်ရှိပါသဖြင့် အညိုရောင်အဆင့်ဟု သတ်မှတ်ပါကြောင်း၊ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"မိုခါ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၉ နာရီအတွင်း ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး (မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး (မြောက်ပိုင်း) တို့ကို ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"အနေဖြင့်လည်းကောင်း၊ နောက် ၂၄ နာရီအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ကို မုန်တိုင်းငယ်အနေဖြင့်လည်းကောင်း ဆက်လက်ရွေ့လျားနိုင်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်ညှိနှိုင်းအစည်းအဝေးကို မေ ၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး မုန်တိုင်းမဝင်ရောက်မီ ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီးပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အသေးစိတ်တို့ကို ချမှတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှာလည်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ခြင်းစသည့် လိုအပ်သည့်ပြင်ဆင်မှုများကို မုန်တိုင်းမဖြစ်ပေါ်မီ ရှစ်ရက် ကြိုတင်၍ အချိန်နှင့်တစ်ပြေးညီ ပြီးစီးမှုရှိအောင် စနစ်တကျ အသေးစိတ်စီမံဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အနေဖြင့် မေလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခတ်မည့် မုန်တိုင်းအန္တရာယ်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center – DMC) ကို ဖွဲ့စည်းပြီး ဆိုင်ကလုန်းမုန်တိုင်းအခြေအနေကို ၂၄ နာရီ အချိန်ပြည့် စောင့်ကြည့်ပြီး အသိပေးကြေညာချက်များကို ထုတ်ပြန်ပေးခဲ့ပါသည်။ မေ ၁၂ ရက်တွင် ရခိုင်ပြည်နယ်ရှိ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့် စစ်တွေမြို့၊ ပေါက်တောမြို့၊ မောင်တောမြို့၊ ရသေ့တောင်မြို့၊ မြေပုံမြို့၊ ကျောက်ဖြူမြို့နှင့် မာန်အောင်မြို့နယ်တို့ကို Red Alerd သတ်မှတ်ခဲ့ပြီး အဆိုပါမြို့နယ်များရှိ ပြည်သူများသိရှိနိုင်စေရေးအတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတာဝန်ရှိသူများက အသံချဲ့စက်များနှင့် လိုက်လံသတိပေးကြေညာပေးခဲ့သည်။

မုန်တိုင်းမဝင်ရောက်မီ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့ရှိ ပင်လယ်ကမ်းခြေများ၌ ပင်လယ်ရေများကျဆင်းခြင်း၊ ကမ်းခြေရှိသဲများ ချိုင့်ဝင်လျက်ရှိခြင်းများကို လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သိရှိရသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် မိုးလေဝသပညာရှင်များက မုန်တိုင်းဖြစ်ပေါ်နေသည့် တည်နေရာ၊ လေတိုက်နှုန်း၊ ရွေ့လျားနှုန်းနှင့် ရွေ့လျားနိုင်မည့် လမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခဲ့သဖြင့် ပင်လယ်ကမ်းစပ်တွင် နေထိုင်သည့် ပြည်သူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအား အချိန်မီရွှေ့ပြောင်းခြင်း၊ အရေးကြီးပစ္စည်းများအား မုန်တိုင်းလွတ်ရာဒေသများသို့ ပြောင်းရွှေ့ခြင်းများကြောင့် မေ ၁၄ ရက် ၁၂:၄၅ နာရီအချိန်ခန့်တွင် ကျောက်ဖြူမြို့နှင့် စစ်တွေမြို့တို့အကြားမှ တစ်နာရီလျှင် လေတိုက်နှုန်း မိုင် ၁၂၀ ခန့်ဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"ကြောင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ပျက်စီးမှုအနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်နိုင်ခဲ့သည်။

### အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေး

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မြို့ရွာများ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေ ၁၅ ရက်တွင် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ်သိန်းခုနစ်သောင်းခန့် ပေးအပ်ခဲ့သည်။ ထို့ပြင် မုန်တိုင်းသင့်မြို့နယ်များ လျင်မြန်စွာပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း အဆင့်မြင့်အရာထမ်းများကို အသီးသီးတာဝန်ပေးအပ်ခဲ့သည်။



မေ ၂၈ ရက်က ရသေ့တောင်မြို့ပေါ်ရှိ ဓာတ်အားလိုင်းများ ပြုပြင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**ယခုအချိန်တွင် မုန်တိုင်းသင့်ဒေသများတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်း၊ ပရဟိတအသင်းအဖွဲ့များ စုပေါင်း၍ ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် တက်ညီလက်ညီဖြင့် လျင်မြန်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ယခုအချိန်တွင် မုန်တိုင်းသင့်ဒေသများတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်း၊ ပရဟိတအသင်းအဖွဲ့များ စုပေါင်း၍ ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် တက်ညီလက်ညီဖြင့် လျင်မြန်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို နေ့စဉ်သတင်းများတွင် တွေ့မြင်ရသည်။ နိုင်ငံတော်အနေဖြင့် မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်မှုမပြတ်တောက်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးတို့ ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့များအား ချက်ချင်းစေလွှတ်နိုင်ခြင်းသည် ကြိုတင်ပြင်ဆင်စုဖွဲ့ထားခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

မေ ၁၄ ရက်တွင် တစ်နာရီလျှင် မိုင် ၁၂၀ ခန့်ဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ကြောင့် မြေစိုက်အဆောက်အဦများ အမိုးအကာများပျက်စီးခြင်း၊ သစ်ပင်များပြိုလဲမှုဖြစ်ပွားခဲ့သော်လည်း ကွန်ကရစ်ဖြင့် အခိုင်အမာဆောက်လုပ်ထားသည့် အဆောက်အဦများ ပျက်စီးမှုမရှိဘဲ ကျန်ရှိနေကြောင်း တွေ့ရှိရသဖြင့် အဆိုပါ အဆောက်အဦများ၏ စာရင်းများအား ကောက်ယူပြုစုထားရှိပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက Cyclone Shelter များအဖြစ် အသုံးပြုနိုင်ကြောင်းကို သင်ခန်းစာဖော်ထုတ်ရရှိပါသည်။

နောင်တွင် မုန်တိုင်းဝင်ရောက်နိုင်သည့် ဒေသများတွင် လေတိုက်နှုန်း တစ်နာရီလျှင် မိုင် (၁၂၀/၁၃၀)အထိ ဒဏ်ခံနိုင်သော အဆောက်အဦများ ဆောက်လုပ်နိုင်ရေးအတွက် အတတ်ပညာရှင်များ၏ အကြံဉာဏ်များရယူ၍ ဆောင်ရွက်သင့်သည်။ ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ (Myanmar National Building Code–MNBC) ပါစံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်လည်း လိုအပ်သည်။


### အသိပေးထုတ်ပြန်

မေ ၆ ရက်မှစတင်၍ မုန်တိုင်းသတင်းများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယိုတို့မှ နေ့စဉ်ဖော်ပြ အသိပေးထုတ်ပြန်ခဲ့ပြီး မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန် နီးကပ်လာသည့် မေ ၁၁၊ ၁၂၊ ၁၃ ရက်တို့တွင် မုန်တိုင်းဒီရေ အထူးသတိပေးချက်များ ထုတ်ပြန်ခဲ့သည်။ ရေလွှမ်းမိုးနိုင်သည့် နေရာများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိကျစွာ သတိပေးထုတ်ပြန်ခဲ့သဖြင့် ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် အသက်အိုးအိမ် စည်းစိမ်ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးမှု လျော့နည်းခဲ့သည်။

ထို့ပြင် ပြင်ပမိုးလေဝသပညာရှင်များ၏ ထုတ်ပြန်ချက်များကိုလည်း မျက်ခြည်မပြတ်စောင့်ကြည့် လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက်လည်း မိုးလေဝသပညာရှင်များ များစွာလိုအပ်သဖြင့် စိတ်ပါဝင်စားသည့် လူငယ်များသည် မိုးလေဝသနှင့် ဇလဗေဒ ပညာရပ်များကို တတ်မြောက်ကျွမ်းကျင်အောင် လေ့လာသင်ယူသွားကြရန် တိုက်တွန်းပါကြောင်းနှင့် မိုးလေဝသပညာရပ်သည် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် မည်မျှအရေးပါသည်ကို သိရှိနိုင်ရန် ဖြစ်စဉ်အမှန်များကို မှတ်တမ်းပြု ရေးသားတင်ပြလိုက်ရပါသည်။ ။

(၁၄.၅.၂၀၂၃) ရက်နေ့ မြန်မာစံတော်ချိန် (၂၁:၃၀) နာရီအချိန် တိုင်းထွာချက်များအရ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) လမ်းကြောင်းပြမြေပုံ





# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး နယူးဒေလီရှိ တောင်အာရှနိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

## မြန်မာနှင့် အိန္ဒိယအရှေ့မြောက်ဒေသ ပြည်နယ်များအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမြင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် နယူးဒေလီရှိ တောင်အာရှ နိုင်ငံခြားသတင်းထောက်များအသင်း (The Foreign Correspondents' Club of South Asia –FCC) ဥက္ကဋ္ဌ Mr. Shirumalla Venkat Nara–yan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေနှင့် ဝန်ကြီးဌာနက လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားပြီး မြန်မာ – အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး၊ မြန်မာနှင့် ယခင်ဗြိတိသျှ အိန္ဒိယဒေသ၌ ပါဝင်ခဲ့သောနိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှု မြှင့်တင်နိုင်မည့် အလားအလာများ၊ မြန်မာနှင့် အိန္ဒိယအရှေ့မြောက်ဒေသ ပြည်နယ်များအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ဒေသခံပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုများ မြှင့်တင်ရေးတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး Mr. Shirumalla Venkat Nara–yan က သိရှိလို၍ မေးမြန်းသည့် အချက်များကို ရှင်းလင်းပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်သူလူထုအား သွားနှင့်ခံတွင်းဆိုင်ရာ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်နှင့်တိုက်နယ်အဆင့်မှ ကျေးလက်ဒေသများအထိ ပိုမိုထိရောက်စွာ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၇**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့တွင် တာဝန်ထမ်းဆောင်နေသော သွားနှင့်ခံတွင်းဆရာဝန်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သွားနှင့်ခံတွင်းဆရာဝန်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက သွားနှင့်ခံတွင်းကျန်းမာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ခုဖြစ်သည့် လူတိုင်းလက်လှမ်းမီသည့် သာတူညီမျှ ကျန်းမာရေးစနစ် (Universal Health Coverage–UHC) ရရှိရေး ဆောင်ရွက်ရာတွင် ပြည်သူလူထုအား သွားနှင့်ခံတွင်းဆိုင်ရာ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်နှင့်တိုက်နယ်အဆင့်မှ ကျေးလက်ဒေသများအထိ ပိုမို၍ထိရောက်စွာ ပေးအပ်နိုင်ရေးအတွက် ဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ဝန်ကြီးဌာနအနေဖြင့် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုထိရောက်စွာ ပေးအပ်နိုင်ရန်အတွက် မြို့နယ်တိုင်းတွင် သွားနှင့်ခံတွင်းဆေးကုသမှုထိုင်ခုံ (Dental Chair) များနှင့် လိုအပ်သည့် ဆေးပစ္စည်းနှင့် စက်ပစ္စည်းကိရိယာများ လုံလောက်စွာ ထားရှိရေး၊ မြို့နယ်တိုင်းတွင် သွားနှင့်ခံတွင်းဆရာဝန်များကို ထားရှိရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သွားနှင့်ခံတွင်းဆရာဝန်များအနေဖြင့် ပြည်သူ့ကျန်းမာရေး၊ ကုသရေးဟူ၍ ကဏ္ဍခွဲခြားခြင်းမရှိဘဲ ပြည်သူလူထုနှင့် လူနာများ၏ အကျိုးကို ရှေးရှု၍ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများကို တွဲဖက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ပညာရပ်ဆိုင်ရာ တိုးတက်မှုများ အဆက်မပြတ်ရှိစေရေးအတွက် ဌာနတွင်း စဉ်ဆက်မပြတ် သင်ယူလေ့လာခြင်းအစီအစဉ် (CME) များ ဆောင်ရွက်ခြင်း၊ ဌာနတွင်း ဉာဏ်သစ်လောင်းသင်တန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ ပညာရှင်များနှင့်ပူးပေါင်း၍ ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် နီးနှောဖလှယ်ပွဲများ ကျင်းပခြင်းစသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်ကြီးဌာနမှလည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း။

သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်မြင့်မားရေးနှင့် လွှမ်းခြုံမှု ကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် ကုသရေးလုပ်ငန်းများအပြင် ကျန်းမာကြံ့ခိုင်သည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် အထူးအရေးပါသည့် ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ကျောင်းသားလူငယ်များ၏ သွားနှင့်ခံတွင်းကျန်းမာရေးကို အဓိကထား၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် မူကြိုကျောင်းများနှင့် နေ့ကလေးထိန်းကျောင်းများတွင် သက်ငယ်ကလေးသွားပိုးစားရောဂါ ကာကွယ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များတွင် သွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သက်ကြီးရွယ်အိုများအတွက် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စသည့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို တွဲဖက်ဆောင်ရွက်ကြရန်၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရရှိစေရေးအတွက် မကြာမီသင်တန်းပြီးဆုံးမည့် သွားနှင့်ခံတွင်းဆိုင်ရာ အလုပ်သင်ဆရာဝန်များအား လုပ်ငန်းခွင်အတွင်းသို့ အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ရေးအတွက် စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ သွားဘက်ဆိုင်ရာသူနာပြုနှင့် သွားဘက်ဆိုင်ရာ အကူသူနာပြုများကိုလည်း မွေးထုတ်လျက်ရှိကြောင်း၊ ထို့ပြင် သွားတုကျွမ်းကျင်ဝန်ထမ်းများကို တိုးချဲ့မွေးထုတ်၍ အလုပ်ခန့်ထားပေးပြီး သွားတုလုပ်ငန်းသုံးပစ္စည်းများအား ဝယ်ယူဖြည့်ဆည်းပေးလျက်ရှိကြောင်း။

သွားဘက်ဆိုင်ရာ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွေထွေရောဂါကုဆေးရုံများတွင် သွားဆေးခန်းများကို ဖွင့်လှစ်ထားရုံသာမက သွားရောဂါကုသီးသန့်ဆေးရုံများကို တိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက သွားနှင့်ခံတွင်းဆရာဝန်များအနေဖြင့် စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်မည့် အခွင့်အလမ်းများ၊ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်ရေးနှင့် ရာထူးတာဝန်အဆင့်ဆင့်ပေးအပ်နိုင်မည့် အခွင့်အလမ်းများ၊ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် လိုအပ်သည့် ဆေးပစ္စည်းနှင့်စက်ကိရိယာများကို စနစ်တကျ စာရင်းကောက်ယူ၍ တင်ပြနိုင်ရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် ညွှန်ကြားရေးမှူး (သွားကျန်းမာ) ဒေါက်တာခင်မောင်နှင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများ၊ သွားနှင့်ခံတွင်းဆရာဝန်များက လုပ်ငန်းဆောင်ရွက်မှုများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်ကုန်းမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းဆောင်ရွက်

**တပ်ကုန်း ဇွန် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဌာနမှ မိုးရာသီတွင် ရပ်ကွက်၊ ကျေးရွာပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့နံနက်ပိုင်းက လျှပ်စစ်ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာများတွင် ကွင်းဆင်းဆောင်ရွက်သည်။

**အသိပညာပေး**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ လျှပ်စစ်အင်ဂျင်နီယာမှူး ဦးအောင်ဇော်ဇော်မျိုးကြီးကြပ်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် ချုံနွယ်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် သတိပြုရမည့် အချက်များပါရှိသည့် ဗီနိုင်းပိုစတာများ တပ်ဆင်သတိပေးခြင်း၊ လူစည်ကားသည့် နေရာများတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးပြောကြားခြင်း၊ ထရန်စဖော်မာများနှင့် ထရန်စဖော်မာခြံဝင်းများ သန့်ရှင်းရေး ဆောင်ရွက်ကြောင်း သိရသည်။

**တင်စိုးလွင်**

အိမ်ပြင်ပ၌ထွန်းသော
မီးများကို
နေ့အလင်းရောင်
ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို ချွေတာပါ

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ





**နေပြည်တော် ဇွန် ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

**စားရေရိက္ခာများ ထောက်ပံ့ပေးအပ်**

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးနှင့် အဖွဲ့ဝင်များသည် **(အပေါ်ပုံ)** ကျောက်ဖြူမြို့ ပိုက်ဆိပ်ရပ်ကွက်ရှိ အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ နယ်လှည့်ဆေးကုသရေး အဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး စားရေရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့သည်။



**ကျန်းမာရေးစောင့်ရှောက်**

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် တာဝန်ရှိသူများသည် **(အပေါ်ယာပုံ)** လမ်းမဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံ၌ နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးပြီး မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီး ကျောင်းများကို ပြန်လည်ပြုပြင်ရန်လိုအပ်သော အမိုးသွပ်များ၊ ဆွမ်းဆန်တော်များနှင့် နဝကမ္မ အလှူငွေများအား ကျောင်းထိုင်ဆရာတော်များထံ သွားရောက်ဆက်ကပ် လှူဒါန်းသည်။

ထို့ပြင် ကုလားတန် (၃) သင်္ဘောဖြင့် ရောက်ရှိလာသော ဆန်များအား စားသုံးသူရေးရာဂိုဒေါင်သို့ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကုန်တင်/ ကုန်ချလုပ်သားများဖြင့် သယ်ယူပို့ဆောင်နေမှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**ဒေသခံများအား ထောက်ပံ့**

ထို့အတူ တီးတိန်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဝင်းကိုကိုနှင့် တာဝန်ရှိသူများသည် ပလက်ဝမြို့အတွင်းရှိ ပျက်စီးသွားသော နေရာများသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တီးတိန်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ လေဘေးသင့်ကျေးရွာများရှိ ဒေသခံပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

**ပြည်သူများထံ အမြန်ရောက်ရှိရေး**

အလားတူ ရခိုင်ပြည်နယ် မြေပုံမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးပြန်လည်ထူထောင်ရေးကော်မတီနှင့် အလှူရှင်များထောက်ပံ့သည့် ထောက်ပံ့ရေးပစ္စည်းများ လေဘေးသင့်ပြည်သူများထံသို့ အမြန်ရောက်ရှိရေး အစည်းအဝေးအား ယနေ့နံနက်ပိုင်းတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဩော်ရိပ်သာ၌ စားရေရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ဖြန့်ဖြူးရေးကော်မတီဝင်များအား ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

**နေအိမ်များ တည်ဆောက်ပြီး**

ထို့အတူ ရခိုင်ပြည်နယ် မောင်တောမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင်ဆွေသည် တာဝန်ရှိသူများနှင့်အတူ မောင်တောမြို့အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော နေအိမ်များအား တည်ဆောက်ပြီးစီးမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယာယီတဲများအတွင်း နေထိုင်လျက်ရှိသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် အင်းဒင်ကျေးရွာအုပ်စု အောင်သုခကျေးရွာရှိဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ လေဘေးကြောင့် ပြိုလဲပျက်စီးခဲ့သော ကျောင်းတော်ကြီးအား ပြုပြင်နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့သည်။

**လက်ဝယ်အရောက် ထောက်ပံ့**

ထို့ပြင် ဇွန် ၆ ရက်တွင် ချင်းပြည်နယ် ပလက်ဝမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် နေဝင်းအောင်သည် တာဝန်ရှိသူများနှင့်အတူ ပလက်ဝမြို့ ရွာမရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံး၌ လေဘေးသင့်ကျေးရွာ ၄၄ ရွာမှ ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် စားသောက်ကုန်ပစ္စည်းများနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ပေးအပ်သော Family Kit ၁၄၄ ပုံးတို့ကို လေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ) **သတင်းစဉ်**

---

## နိုင်ငံတကာသတင်း

### အမေရိကန်အထက်တန်းကျောင်းဘွဲ့နှင်းသဘင်တွင် ပစ်ခတ်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံး

**ဗာဂျီးနီးယား ဇွန် ၇**

အမေရိကန်နိုင်ငံ တောင်ပိုင်း ဗာဂျီးနီးယားပြည်နယ် ရစ်ချ်မွန်မြို့ရှိ အထက်တန်းကျောင်းတစ်ကျောင်း၏ ဘွဲ့နှင်းသဘင် ကျင်းပသည့် အခမ်းအနား၌ ပစ်ခတ်မှုဖြစ်ပွားရာ နှစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိသည်ဟု သိရသည်။

ပစ်ခတ်မှု ကျူးလွန်သူကို ရဲများက ဖမ်းဆီးခဲ့သည်ဟု သိရသည်။ ဇွန် ၆ ရက် မွန်းလွဲပိုင်းတွင် အခမ်းအနားကျင်းပရာနေရာ အပြင်ဘက်တွင် အသက် ၁၉ နှစ်အရွယ် လူငယ်တစ်ဦးက ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ရဲများက ပြောသည်။



ပစ်ခတ်မှုဖြစ်ပွားရာနေရာကို တွေ့ရစဉ်။

ယင်းသို့ ပစ်ခတ်မှုကြောင့် အထက်တန်းကျောင်းမှ လတ်တလော ဘွဲ့ရထားသည့် အသက် ၁၈ နှစ်အရွယ် ကျောင်းသားတစ်ဦး သေဆုံးခဲ့ရပြီး အသက် ၃၆ နှစ်အရွယ် အမျိုးသားတစ်ဦးလည်း သေဆုံးခဲ့သည်ဟု သိရသည်။

ပစ်ခတ်မှုကြောင့် အခမ်းအနား ကျင်းပရာနေရာမှ လူများ ထိတ်လန့်တကြားဖြစ်ခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

### ပလတ်စတစ်ညစ်ညမ်းမှုများ လျှော့ချရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တောင်းဆို

**နယူးယောက် ဇွန် ၇**

ပလတ်စတစ်ညစ်ညမ်းမှုများလျှော့ချရန် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဇွန် ၅ ရက်တွင် တိုက်တွန်းပြောကြားလိုက်သည်။

နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနား၌ ထိုသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်း ပလတ်စတစ်တန်ချိန် တန် သန်း ၄၀၀ ထွက်ရှိသည်။ ၎င်းတို့အနက် သုံးပုံတစ်ပုံသည် တစ်ခါသုံးပလတ်စတစ်အိတ်များ ဖြစ်ကြသည်။ နေ့စဉ်နေ့တိုင်း ပလတ်စတစ်အမှိုက်အပြည့် တင်ဆောင်ထားသော ကားအစီးရေ ၂၀၀၀ ကျော် သမုဒ္ဒရာများ၊ မြစ်ချောင်းများနှင့် ရေကန်များထဲသို့ ပစ်ချကြောင်း ဂူတာရက်စ်က ပြောသည်။

**ဆင်ဟွာ**

---

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း မေလတွင် ၉ ဒသမ ၉၄ ရာခိုင်နှုန်းသို့ မြင့်တက်လာ

**ဒါကာ ဇွန် ၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် မေလတွင် ၉ ဒသမ ၉၄ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်းနှင့် ထိုကဲ့သို့ မြင့်တက်ရခြင်း အဓိကအကြောင်းရင်းမှာ စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်ခြင်းကြောင့်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် စာရင်းအင်းဗျူရို (ဘီဘီအက်စ်)က ဇွန် ၅ ရက်တွင် ပြောသည်။

စားသောက်ကုန် ငွေကြေးဖောင်းပွမှု သည် ယခင်လက ၈ ဒသမ ၈၄ ရာခိုင်နှုန်းရှိရာမှ မေလတွင် ၉ ဒသမ ၂၄ ရာခိုင်နှုန်းသို့ မြင့်တက်လာကာ စားသောက်ကုန် မဟုတ်သော ငွေကြေးဖောင်းပွမှုသည် ဧပြီလတွင် ၉ ဒသမ ၇၂ ရာခိုင်နှုန်းရှိရာမှ မေလတွင် ၉ ဒသမ ၉၆ ရာခိုင်နှုန်းသို့ မြင့်တက်လာခြင်း ဖြစ်သည်။ **ဆင်ဟွာ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော်  ဇွန် ၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ထုံးဘိုကျေးရွာနေ အောင်ရဲထက်သည် ၎င်းအသုံးပြုသည့် “Aung Ye Htet” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးကုန်း - နတ်သံကွင်း - ကျောက်ကြီးသွား ကားလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား(နတ်သံကွင်း) အား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော်  ဇွန် ၇**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အဦများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်း ဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။



ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန် ၆ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နတ်သံကွင်းကျေးရွာ၏ အနောက်ဘက်ရှိ ပဲနွယ်ကုန်း–နတ်သံကွင်း–ကျောက်ကြီး ကားလမ်းပေါ်ရှိ ဒေသခံပြည်သူများ အားထားအသုံးပြုလျက်ရှိသည့် အရှည်ပေ ၇၂၀ အကျယ် ပေ ၃၀ စစ်တောင်းမြစ်ကူး တံတား (နတ်သံကွင်း) အား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲမှုကြောင့် နတ်သံကွင်း ကျေးရွာဘက်ခြမ်းတံတား၏ ကမ်းကပ်ခုံနှင့် ကပ်လျက် ပေ ၁၃၀ ခန့် ပြိုကျပျက်စီးခဲ့သည်။ **(အပေါ်ပုံ)**

အလားတူ အကြမ်းဖက်သမားများအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ကြီးမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ထန်းတပင်မြို့နယ်၊ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်တို့အတွင်းရှိ တံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့မှုအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ (၂၂) ကြိမ် ရှိပြီဖြစ်ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာသူကျေးရွာသားများအား သွားလာမှု ခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးနှင့် မသက်ဆိုင်သော အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့် မော်တော်ယာဉ်များ သွားလာ၍ မရကြောင်းနှင့် တံတားပျက်စီးမှုအား သက်ဆိုင်ရာ လမ်း/တံတား ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အမြန်ဆုံး ပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter– Terrorism Operation) ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ထန်းတပင်မြို့နယ်ရှိ မိဘမေတ္တာမူကြိုကျောင်း(ပုဂ္ဂလိကပိုင်)မှ မူကြိုကျောင်းဆရာမ နှစ်ဦးအား PDF အမည်ခံ အကြမ်းဖက်သမားများကသတ်ဖြတ်

**နေပြည်တော်  ဇွန် ၇**

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအဖွဲ့များသည် ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၆ ရက် ညနေ ၆ နာရီ ၂၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရခိုင်ရိုးကြီးကျေးရွာ အေးမေတ္တာလမ်း အမှတ် (၉၀/၉၁)၊ မိဘမေတ္တာမူကြိုကျောင်း (ပုဂ္ဂလိကပိုင်)၌ မူကြိုဆရာမများအဖြစ် လုပ်ကိုင်ဆောင်ရွက်နေသည့် ဒေါ်သဲမာလာဝင်း (ဘ)ဦးရွှေခိုင်နှင့် ဒေါ်ဆောင်းသဇင်ဦး (ဘ)ဦးမောင်ဦးတို့သည် မူကြိုကျောင်းအတွင်း ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားလေးဦးက အဖြူရောင်အငှားယာဉ်တစ်စီးဖြင့် အနော်ရထာလမ်းဘက်မှ အေးမေတ္တာလမ်းအတိုင်း မောင်းနှင်ရောက်ရှိလာပြီး မူကြိုကျောင်းအတွင်းသို့ ဝင်ရောက်ကာ ပစ္စတိုသေနတ်ဖြင့် ကိုးချက်ခန့် ပစ်ခတ်၍ လာလမ်းအတိုင်း ပြန်လည်မောင်းနှင် ထွက်ပြေးသွားကြောင်း၊ အဆိုပါ ပစ်ခတ်ခဲ့မှုကြောင့် မူကြိုကျောင်းဆရာမနှစ်ဦးတွင် ဦးခေါင်းပွင့်ထွက် ဒဏ်ရာများရရှိကာ ဖြစ်စဉ်နေရာ၌ပင် သေဆုံးခဲ့ကြောင်း သိရှိရသည်။

အထက်ပါ ဖြစ်စဉ်တွင် အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အုတ်တွင်းမြို့နယ်၌ သန်းခေါင်စာရင်းယူနစ်များနှင့် စာရင်းကောက်ကွက်မြေပုံများ ရေးဆွဲခြင်းဆောင်ရွက်

**အုတ်တွင်း  ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် Alt GIS နည်းပညာအသုံးပြု၍ Census units များ ရပ်ကွက်အလိုက် ရေးဆွဲခြင်းလုပ်ငန်းများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် သန်းခေါင်စာရင်းယူနစ်များရေးဆွဲခြင်းလုပ်ငန်းကို ယမန်နေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အုတ်တွင်းမြို့နယ်အတွင်း မြို့ပေါ်ခြောက်ရပ်ကွက်နှင့် ကျွဲပွဲမြို့ငါးရပ်ကွက် စုစုပေါင်း ၁၁ ရပ်ကွက်အတွင်း Ait GIS နည်းပညာအသုံးပြု၍ သန်းခေါင်စာရင်းယူနစ်များနှင့် စာရင်းကောက်ကွက် မြေပုံများရေးဆွဲခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (ရုံးချုပ်)ပညာရှင်ဝန်ထမ်းများ၊မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူးဦးဝင်းနိုင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ပူးပေါင်း၍ Computer/Laptop/Mobile Tablet များဖြင့် သန်းခေါင်စာရင်းယူနစ်များ ရေးဆွဲခြင်း၊ စစ်ဆေးအတည်ပြုခြင်းလုပ်ငန်းများ ဆောင် ရွက်လျက်ရှိပြီး မြို့ပေါ် ၁၁ ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၆၄၁၇ စုမှ လူဦးရေ ၂၈၀၈၉ ဦး ရေးသွင်းအတည်ပြုပြီးဖြစ်သည်။

သန်းခေါင်စာရင်းယူနစ်များနှင့် မြေပုံများရေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ တောင်ငူခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီနှင့်အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊UAB pay နှင့် Citizen Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ် မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်<br>ဆိုင်ရာ စီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်<br>တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်<br>ဆိုင်ရာ စီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်း<br>ဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယ<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်<br>ဆိုင်ရာ စီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်း<br>ဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |









အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ














## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများ ပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၇-၆-၂၀၂၃ ရက်နေ့မှစ၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၇**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Auto Top Power Co., Ltd. မှ တင်သွင်းလာသော Honda ENS1 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ကိုးစီး၊ Faw Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ခြောက်စီး၊ Myanmar Brilliance Auto Co., Ltd. မှ တင်သွင်းလာသော Kaiyi B-EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ခြောက်စီးနှင့် Chin Dwin Shan Construction Co., Ltd. မှ တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၅ စီး၊ စုစုပေါင်း လျှပ်စစ်သုံးမော်တော်ယာဉ် ၃၆ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း၊ အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များတင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**



## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇွန် ၇-** မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ တစ်ပြည်လုံးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေ ပြီး မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ပြည်သူအားလုံးတွဲလက်ညီ သန်းခေါင်စာရင်းကောက်ပါမည်

**ယခု သန်းခေါင်စာရင်းသည် ရက်တစ်ရက်၊ အချိန်တစ်ချိန်သတ်မှတ်၍ ကာလတစ်ခုအတွင်း လူဦးရေနှင့် အကြောင်းအရာ အချက်အလက်များကို တစ်အိမ်တက်ဆင်း ကောက်ယူသည့်စာရင်းကို ဆိုလိုသည်။ လာမည့် ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်လုံးကျွတ်အဆင့် ကောက်ယူမည်ဖြစ်သည်။ ယင်းလုပ်ငန်းသည် အသစ်အဆန်းတော့မဟုတ်။ ခေတ်စနစ်နှင့်အညီ လုပ်နည်း၊ လုပ်ဟန်နှင့် အသုံးပြုရန် လိုအပ်သည့် အချက်အလက်များအပေါ် မူတည်ကာ အနည်းနှင့်အများ အပြောင်းအလဲတော့ရှိသည်။**

***မောင်မုဒိတာ***

မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ကိုလိုနီလက်အောက် ကျရောက်နေချိန်ကတည်းက ကောက်ယူဆောင်ရွက်ခဲ့ကြောင်း အထောက်အထား မှတ်တမ်းများအရ သိရှိရသည်။ လွတ်လပ်ရေးရပြီးချိန်တွင် ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့ပြီးနောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်ခြင်းမခဲ့ပေ။ ဒီမိုကရေစီအစိုးရအဖြစ် စတင်အုပ်မြစ်ချတာဝန်ယူခဲ့သည့် သမ္မတကြီး ဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၄ ခုနှစ်တွင်မှ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ ကောက်ယူနိုင်ခဲ့သည်။ သို့ရာတွင် စာရင်းသဘောတရားအရ၁၀ နှစ်ခန့်ကြာလျှင် စာရင်းကွာဟမှု ကြီးမားလာသဖြင့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် ပြန်လည်သန်းခေါင်စာရင်းကောက်ယူရပေတော့မည်။

### တစ်နိုင်ငံလုံး တစ်ပြိုင်တည်းကောက်ယူမည်

နိုင်ငံတိုင်းတွင် ယင်းနိုင်ငံနှင့် ပတ်သက်သည့် စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်ရေးသည် အလွန်အရေးကြီးသည့် အလျောက် လူမှုစီးပွားဆိုင်ရာ စာရင်းအင်း အချက်အလက်များကို ဆန်းစစ်လေ့လာခြင်းဖြင့် ယင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို သုံးသပ်သိရှိနိုင်သည်။ ယင်းကဲ့သို့ တိကျမှန်ကန်သည့် လူဦးရေ၊ စာရင်းအင်းနှင့် လူမှုစီးပွားဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို သန်းခေါင်စာရင်း ကောက်ယူခြင်းမှသာ ရရှိနိုင်သည်။ နိုင်ငံတစ်နိုင်ငံသည် သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသော လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံကာ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရသည်။ ထို့ကြောင့် လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံတိုင်းက မဖြစ်မနေ ဆောင်ရွက်ကြရသည်။ သို့သော် ယင်းလုပ်ငန်းသည် တစ်တိုင်းတစ်ပြည်လုံး အတိုင်းအတာဖြင့် ဆောင်ရွက်ရသဖြင့် လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်ပြီး ငွေကုန်ကြေးကျများပြားသည့် လုပ်ငန်းတစ်ခုလည်းဖြစ်ပေသည်။ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ကမ္ဘာ့နိုင်ငံအများစုက ၁၀ နှစ်လျှင် တစ်ကြိမ်သာ ဆောင်ရွက်နိုင်ကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံသည်လည်း ၂၀၁၄ ခုနှစ်



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ သန်းခေါင်စာရင်းကောက်ယူနေမှုကို တွေ့ရစဉ်

တွင် ပြည်လုံးကျွတ်အဆင့် ကောက်ယူဆောင်ရွက်ခဲ့သည့်အတွက် လာမည့် ၂၀၂၄ ခုနှစ်တွင် နောက်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူရန် အချိန်စေ့ရောက်မည်ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်သည်။ ယင်းလုပ်ငန်းကို အဓိက တာဝန်ယူဆောင်ရွက်ရမည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကလည်း ပြည်လုံးကျွတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း စီမံချက်ရေးဆွဲကာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းအဆင့်(၄)ဆင့် ဖြစ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ စာရင်းကောက်ယူခြင်းလုပ်ငန်း၊ စာရင်းဇယားပြုစုခြင်းလုပ်ငန်း၊ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်း လုပ်ငန်းစသည်တို့ကို စတင်ဆောင်ရွက်ချိန်မှ ၅၄ လခန့်ကြာကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ ယင်းလုပ်ငန်းများအနက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းသည် ကာလအရှည်ကြာဆုံးဖြစ်ပြီး လုပ်ငန်းစတင်ချိန်မှ ၃၆ လ နှစ်အားဖြင့် သုံးနှစ်ကြာမြင့်မည်ဖြစ်သည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရန်အတွက် ရက်တစ်ရက်၊ အချိန်တစ်ချိန်အဖြစ် သန်းခေါင်စာရင်း ရည်ညွှန်းချိန်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်ကို သတ်မှတ်ထားရာ သန်းခေါင်စာရင်းရည်ညွှန်းချိန်၏ နောက်တစ်နေ့ဖြစ်သော ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ရက်ပေါင်း ၁၅ ရက်ကြာ တစ်နိုင်ငံလုံး တစ်ပြိုင်တည်းကောက်ယူမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင်လည်း လူဦးရေစုစုပေါင်း ၅၇ သန်းခန့်ရှိ အိမ်ထောင်စုပေါင်း ၁၃ သန်းကို စာရင်းကောက်ကွက်ပေါင်း ၁၁၀၀၀၀ ခန့်ခွဲကာ လျာထားသတ်မှတ်ဆောင်ရွက်ခြင်း ဖြစ်သည်။

### သတ်မှတ်ကောက်ယူရာတွင် အနည်းအများကွဲပြားမှုရှိ

သန်းခေါင်စာရင်း ကောက်ယူရာတွင် အိမ်ထောင်စုအလိုက် လူဦးရေအချက်အလက်ကိုသော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက် လူဦးရေအချက်အလက်ကိုသော်လည်းကောင်း မေးခွန်းများ မေးမြန်းကောက်ယူမည်ဖြစ်သည်။ အိမ်ထောင်စုအလိုက်က အိမ်ထောင်ဦးစီး (သို့မဟုတ်) ယင်းအိမ်ထောင်စုကို ကိုယ်စားပြုသည့် အရွယ်ရောက်ပြီးသူတစ်ဦးက ဖြေကြားပေးရန်သာဖြစ်သည်။ အဖွဲ့အစည်းဆိုရာတွင် ဘုန်းကြီးကျောင်း၊ ဘိုးဘွားရိပ်သာ၊ ဂေဟာ၊ ဆေးရုံ၊ အကျဉ်းထောင်၊ စစ်တန်းလျား(လူပျို/အပျိုလိုင်း)၊ အိမ်ခြေရာမဲ့များဟု ခေါ်သည့် အိုးမဲ့အိမ်မဲ့ဖြစ်နေသူများ၊ ရေကြည်ရာမြက်နုရာ လှည့်လည်သွားလာနေသူများ စသည်ဖြင့် အစုအဖွဲ့အလိုက် နေထိုင်ကြသူများကို ဆိုလိုသည်။ ယင်းသို့ အဖွဲ့အစည်းအလိုက်ကိုတော့ အစုအဖွဲ့အစည်းတာဝန်ခံကို မေးမြန်းကောက်ယူသွားမည်ဖြစ်သည်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံအတွင်း ရှိနေသူအားလုံးကို စာရင်းကောက်ယူမည့်သဘော။ အိမ်ထောင်စုအလိုက်နှင့် အဖွဲ့အစည်းအလိုက် သတ်မှတ်ကောက်ယူရာတွင် မေးခွန်းအရေအတွက် အနည်းအများတော့ ကွဲပြားမှုရှိသည်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် ၂၀၁၄ ခုနှစ်နှင့် တူညီမှုမရှိသည်က ၂၀၂၄ ခုနှစ်တွင် နည်းပညာကိုအသုံးပြုမည့် Computer Assisted Persional Interviewing (CAPI) စနစ် ဖြင့် Mobile Tablet များ အသုံးပြုကောက်ယူမည် ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်သည် အစိမ်းသက်သက်တော့မဟုတ်။ ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ကြားဖြတ်သန်းခေါင်စာရင်းကိုလည်း CAPI စနစ်ဖြင့် ကောက်ယူခဲ့သည်။ တစ်နိုင်ငံလုံး မဟုတ်သော်လည်း ခရိုင်အဆင့်ကိုယ်စားပြုအဖြစ် သမားရိုးကျ အိမ်ထောင်စု တစ်သိန်းသုံးသောင်းကျော်ကို ကောက်ယူခဲ့သည်။ ယခု ၂၀၂၄ ခုနှစ်တွင်လည်း စာရင်းကောက်များက Mobile Tablet များ အသုံးပြု၍ CAPI နည်းဖြင့် တစ်အိမ်တက်ဆင်း မေးမြန်းကောက်ယူသွားမည်ဖြစ်သည်။ CAPI စနစ်သည် ပိုမိုတိကျမှန်ကန်မှုရှိသည့် အချက်အလက်များကို လျင်လျင်မြန်မြန်ရရှိနိုင်သည့် ခေတ်မီနည်းပညာ အသုံးပြုသည့်စနစ်ဖြစ်သည်။ ယင်းနည်းလမ်းကို နိုင်ငံတကာတွင်လည်း အသုံးပြုနေကြပြီဖြစ်သည်။ သန်းခေါင်စာရင်း ကောက်ယူရာတွင် အိမ်ထောင်စုများ မထပ်မကျန်စေရေးနှင့် အုပ်ချုပ်ထောက်ပံ့မှု လွယ်ကူအဆင်ပြေစေရေးအတွက် အဓိကကျသည့် ကောက်ကွက်များ ဖွဲ့စည်းနိုင်ရန် ယခုအခါလဝက ဝန်ထမ်းများက ပထဝီဝင်သတင်းအချက်အလက်စနစ် (Geographic Information System-GIS) နည်းပညာဖြင့် ရပ်ကွက်/ ကျေးရွာအရောက် Point ကောက်ခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ Point ကောက်သည့်နေရာများအရ မြေပုံများရေးဆွဲ၍ စာရင်းကောက်ကွက်များဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ပြီးလျှင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သန်းခေါင်စာရင်းယူနစ်များ (Census Units) ရေးဆွဲသတ်မှတ်မည်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်ကို မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်မှသာ အိမ်ထောင်စု မထပ်မကျန်ဘဲ စာရင်းကောက်ဒေသများကို တိတိကျကျသတ်မှတ်ကာ စာရင်းကောက်ကွက်များ မှန်ကန်စွာ ဖွဲ့စည်းနိုင်မည်ဖြစ်ပြီး သန်းခေါင်စာရင်းလုပ်ငန်း၏ အုပ်ချုပ်ထောက်ပံ့မှုလည်း လွယ်ကူအဆင်ပြေနိုင်မည်ဖြစ်သည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် အိမ်ထောင်စုနှင့် အဖွဲ့အစည်းများ၏ လူဦးရေဆိုင်ရာ အချက်အလက်များဖြစ်သည့် ဆွေမျိုးသားချင်းတော်စပ်မှု၊ အသက်အပိုင်းအခြား၊ ကိုးကွယ်သည့်ဘာသာ၊ အထောက်အထား ကတ်တစ်မျိုးမျိုးရရှိ ကိုင်ဆောင်မှုအခြေအနေ၊ တစ်ဦးချင်း၏ ပညာသင်ယူတတ်မြောက်မှု၊ အလုပ်အကိုင်ရရှိဆောင်ရွက်မှု၊ မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ အကြောင်းအရာအပြင် ကိုယ်ဝန်ဆောင်မိခင် သေဆုံးမှု၊ မသန်စွမ်းမှု၊ ပြည်တွင်း/ ပြည်ပရွှေ့ပြောင်းသွားလာမှု စသည့်အခြေအနေအရပ်ရပ်ကို သိရှိနိုင်မည်ဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

❑ CAPI **စနစ်သည် ပိုမိုတိကျမှန်ကန်မှုရှိသည့် အချက်အလက်များကို လျင်လျင်မြန်မြန်ရရှိနိုင်သည့် ခေတ်မီနည်းပညာ အသုံးပြုသည့်စနစ်ဖြစ်သည်။ ယင်းနည်းလမ်းကို နိုင်ငံတကာတွင်လည်း အသုံးပြုနေကြပြီဖြစ်သည်။ သန်းခေါင်စာရင်း ကောက်ယူရာတွင် အိမ်ထောင်စုများ မထပ်မကျန်စေရေးနှင့် အုပ်ချုပ်ထောက်ပံ့မှု လွယ်ကူအဆင်ပြေစေရေးအတွက် အဓိကကျသည့် ကောက်ကွက်များ ဖွဲ့စည်းနိုင်ရန် ယခုအခါလဝက ဝန်ထမ်းများက ပထဝီဝင်သတင်းအချက်အလက်စနစ်** (Geographic Information System-GIS) **နည်းပညာဖြင့် ရပ်ကွက် / ကျေးရွာအရောက်** Point **ကောက်ခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်လျက်ရှိ**

# မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မေလ လျာထားချက်မှာ ပို့ကုန်ဒေါ်လာ ၁ ဒသမ ၅ သန်း၊ သွင်းကုန် ဒေါ်လာ ၀ ဒသမ ၀၄ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁ ဒသမ ၅၄၀ သန်းဖြစ်ပြီး အမှန် ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်ဒေါ်လာ ၀ ဒသမ ၆၀၇ သန်း၊ သွင်းကုန် ဒေါ်လာ ၀ ဒသမ ၀၀၁ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၀ ဒသမ ၆၀၈ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၄၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းမှ ကွမ်းသီး၊ အုန်းသီး၊ ဆီးသီးခြောက်၊ ချင်း(အစို)၊ သရက်သီး၊ မရန်းသီး၊ တညင်းသီး စုစုပေါင်း တန်ချိန် ၅၆၉ တန်နှင့် ရေထွက်ပစ္စည်းမှ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ပုစွန်ခြောက်၊ ငါးစုံလေးခြောက်၊ ငါးသလောက် စုစုပေါင်းတန်ချိန် ၂၃၅ ဒသမ ၀၆ တန်၊ စက်မှုကုန်ချောပစ္စည်းမှ လူကြီးစီးဖိနပ်၊ မုန့်ဖတ်ခြောက်၊ အဝတ်အထည်၊ သနပ်ခါးခဲ၊ ဆီးယိုထုပ် စုစုပေါင်း တန်ချိန် ၂၁၀ ဒသမ ၂ တန်ဖြစ်ပြီး သွင်းကုန်အနေဖြင့် Plastic Pipe နှင့် PVC Tank တို့ တင်သွင်းခဲ့သည်။

၂၀၂၃ ခုနှစ် ဇွန် ၅ ရက် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၂၉၆၄ ကျပ်၊ ၁၁၄ တာကာ၊ ၁၀၀ ကျပ်လျှင် ၃ ဒသမ ၈၅ တာကာ၊ တစ်တာကာလျှင် ၂၆ ကျပ် ဖြစ်ကြောင်း သိရသည်။

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစည်ဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်းတို့ ဖြစ်သည်။

၂၀၂၃ ခုနှစ် မေ ၃၁ ရက်မှ ဇွန် ၄ ရက်အထိ ပို့ကုန်တန်ချိန် ၂၄၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၇ သန်း၊ သွင်းကုန်တန်ချိန် ၄၉၄ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၉၀ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၆ သန်းဖြစ်သည်။ အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ပလာတူး၊ ပလာလန်း၊ ခွေးလျှာ၊ ငါးပြေက်၊ ငါးနီငယ်၊ ရေကြည်ငါး၊ ပသွပ်၊ ပါကင်ငါး၊ ကုလားကုတ်၊ ကြိမ်မွေ့တောင်းတို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ကန့်၊ ပီလောပီနံမှုန့်၊ ကုန်စုံ၊ မီးသွေးမှုန့်၊ ဆိုးဆေးရည်၊ ကျောက်ချဉ်၊ ဓာတ်ဆီ၊ စတီးဝိုင်ယာကြိုး၊ လက်အိတ်၊ ဖော့သီးတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇွန် ၅ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ်တစ်သိန်းလျှင် ၁၁၈၆ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၄ ဒသမ ၃ ကျပ်ခန့် ဖြစ်သဖြင့် ဇွန် ၄ ရက်ထက် ၀ ဒသမ ၅ ကျဆင်းသွားသည်။ စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီတစ်ဂါလန်လျှင် ၁၀၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၁၀၃၅၀ ကျပ်ခန့်ဖြင့် တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

# ညောင်ဦးမြို့နယ် မိုးသီးနှံများ စိုက်ပျိုးမှုနှင့် ဈေးနှုန်းအခြေအနေ

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ မိုးသီးနှံများဖြစ်သော ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်းစသည့် သီးနှံများကို မေလတတိယပတ်မှ စတင်၍ စိုက်ပျိုးပြီး ယခုနှစ်တွင် သီးနှံများ စိုက်ပျိုးမှုလျာထားချက်များအနေဖြင့် ပဲတီစိမ်း ဧက ၁၇၁၈၀၊ ပဲစင်းငုံ ဧက ၁၂၂၉၀၊ မြေပဲ ၉၂၀၁ ဧက၊ နှမ်း ဧက ၁၅၅၄၀ လျာထားကြောင်း၊ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၁၈၈၂ ဧက၊ ပဲစင်းငုံ ၁၃၀၉ ဧက၊ မြေပဲ ၂၉၂၆ ဧက၊ နှမ်း ၁၄၀၄ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ယခင်နှစ် စိုက်ပျိုးမှုအနေဖြင့် ပဲတီစိမ်း ၂၆၇၆ ဧက၊ ပဲစင်းငုံဧက ၄၀၀၊ မြေပဲ ၈၃၄၉ ဧကနှင့် နှမ်း၂၄၅၈ ဧက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး ပဲစင်းငုံသီးနှံမှာ ဈေးကောင်းရရှိသည့်အတွက် ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးကြကြောင်းနှင့် တောင်သူအများစုမှာ ဆီထွက်သီးနှံဖြစ်သော မြေပဲကို ပိုမိုစိုက်ပျိုးကြပြီး နှစ်စဉ် စိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးကြကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရ သည်။

ယခုနှစ် သီးနှံမျိုးဈေးနှုန်းများအနေဖြင့် ပဲတီစိမ်း တစ်ပြည်လျှင် ငွေကျပ် ၄၀၀၀၊ ပဲစင်းငုံတစ်ပြည်လျှင် ငွေကျပ် ၆၀၀၀၊ မြေပဲ တစ်ပြည်လျှင် ကျပ် ၄၅၀၀ နှုန်းများဖြင့် ဝယ်ယူစိုက်ပျိုးလျက်ရှိသည်။ ဈေးနှုန်းများအနေဖြင့် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၅၉၀၀၀၊ ပဲစင်းငုံတစ်တင်းလျှင် ငွေကျပ် ၉၃၁၀၀၊ ပင်ထောင်မြေပဲ တစ်တင်းလျှင် ငွေကျပ် ၆၈၀၀၀၊ ပင်ပြန့်မြေပဲတစ်တင်းလျှင် ငွေကျပ် ၆၇၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၁၀၀၀၀နှင့် နှမ်းညို တစ်တင်းလျှင် ငွေကျပ် ၉၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

DOCA(မန္တလေး)

# ကျောက်ပန်းတောင်းမြို့နယ်၌ မိုးမြေပဲ ၅၈၂၇၁ ဧက စိုက်ပျိုးရန်လျာထား

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ဆီထွက်သီးနှံဖြစ်သည့် မိုးမြေပဲကို အဓိကစိုက်ပျိုးလျက်ရှိပြီး ဆောင်းမြေပဲကို အနည်းငယ်သာ စိုက်ပျိုးမှုရှိကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိုးမြေပဲကို ၆၁၂၆၈ဧကစိုက်ပျိုးခဲ့ပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်း ၄၂ ဒသမ ၂၅ တင်းနှုန်းဖြင့် တင်းပေါင်း၂၅၈၈၅၇၃တင်း ထွက်ရှိကြောင်း၊ ဆောင်းမြေပဲစိုက်ပျိုးမှုအနေဖြင့် ၁၉၆ ဧကသာ စိုက်ပျိုးခဲ့ပြီး တစ်ဧကပျမ်းမျှ အထွက်နှုန်းမှာ ၄၆ တင်းဖြင့် တင်းပေါင်း ၉၀၁၆ တင်း ထွက်ရှိကြောင်း သိရသည်။

### အရောင်းအဝယ်ဖြစ်

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မိုးမြေပဲစိုက်ပျိုးရန်လျာထားမှုအနေဖြင့် ၅၈၂၇၁ ဧကရှိပြီး ၁၄၆၂၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ကျောက်ပန်းတောင်းမြို့မှ ထွက်ရှိသော မြေပဲများကို မြို့ပေါ်ရှိပွဲရုံများနှင့် ဆီစက်များသို့ လာရောက်ရောင်းချလျက်ရှိကြောင်း၊ ဈေးနှုန်းဈေးကွက်အနေဖြင့် ယခင်နှစ်က မြေပဲဆီဆန်တစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀ ၊ မြေပဲလုံးဆန် တစ်တင်းလျှင် ငွေကျပ် ၄၈၀၀၀၊ မျိုးမြေပဲတစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ နှုန်းရှိခဲ့ပြီး ယခုနှစ်တွင် မြေပဲဆီဆန် တစ်တင်းလျှင် ငွေကျပ် ၁၀၄၀၀၀၊ မြေပဲလုံးဆန် တစ်တင်းလျှင် ငွေကျပ် ၁၀၅၆၀၀၊ မျိုးမြေပဲတစ်တင်း လျှင် ငွေကျပ် ၁၀၈၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

### ဆီကြိတ်ခွဲသုံးစွဲမှုများလာ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြေပဲတစ်ဧကလျှင် စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၄၅၇၀၀၀ ခန့် ကုန်ကျကာ တစ်ဧကပျမ်းမျှအထွက် ၄၂ ဒသမ ၂၅ တင်းနှုန်းထွက်ရှိခဲ့ပြီး မြေပဲစတင်ထွက်ပေါ်ချိန်တွင် မြေပဲတောင့်တစ်တင်းလျှင် ငွေကျပ် ၁၈၀၀၀ နှုန်း ရောင်းချခဲ့ရသည့်အတွက် တစ်ဧကဝင်ငွေ ကျပ် ၇၆၀၅၀၀ ရရှိ၍ ငွေကျပ် ၃၀၃၅၀၀ အကျိုးအမြတ် ရရှိကြောင်း၊ ဒေသတွင်းထွက်ရှိသော မြေပဲများကို ယခုအချိန်တွင် ပြည်ပသို့ ရောင်းချမှု နည်းပါးလာပြီး ဒေသတွင်း၌သာ ဆီကြိတ်ခွဲသုံးစွဲမှုများလာကြောင်း သိရသည်။ DOCA(မန္တလေး)

### သတင်းရင်းမြစ် – စီးပွားကူးသန်း

*စာမျက်နှာ ၁၆ မှ*

ယင်းအချက်အလက်များအရ ကျောင်းသားအချိုးနှင့် ကျောင်းဆရာအချိုး ချင့်ချိန်ခြင်း၊ လိုအပ်သော ကျောင်းအဆောက်အအုံ၊သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းခြင်း၊ ကျန်းမာရေးအတွက် လိုအပ်သည့် ဆေးပေးခန်း၊ ကျန်းမာရေးဝန်ထမ်း၊ ဆေးဝါး ဖြည့်တင်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးခြင်းစသည်တို့ကို တာဝန်ရှိသူများအနေဖြင့် လိုအပ်သလို စီမံခန့်ခွဲ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အိမ်အကြောင်းအရာ အချက်အလက်များအရ နေထိုင်မှုပုံစံ၊ ဝါး၊ သက်ငယ်၊ ပျဉ်၊ အုတ်စသည့် အိမ်အမျိုးအစားကို သိရှိရမည်။ အသုံးပြုသည့် ရေအခြေအနေ၊ လျှပ်စစ်မီးရရှိသုံးစွဲမှု၊ အိမ်သာ အသုံးပြုမှု စသည့်အခြေအနေကို သိရှိနိုင်မည်ဖြစ်ပြီး လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်။ ယင်းအချက်အလက်များသည် ဥပမာသဘောသာ တင်ပြခြင်းဖြစ်သည်။ အချက်အလက်အသုံးပြုသူများ၏ အသုံးချနိုင်မှုအပေါ်မူတည်ပြီး ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် စီမံကိန်းများ အသေးစိတ်ရေးဆွဲအကောင်အထည်ဖော်နိုင်သည်။ သန်းခေါင်စာရင်း၏ ထူးခြားသည့် ဝိသေသလက္ခဏာတစ်ခုမှာ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအထိ လိုအပ်သည့် အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းဖြစ်သည်။ ယင်းအချက်အလက်များအပေါ်မူတည်၍ အချက်အလက် အသုံးပြုသူများက စီမံချက်ကို တိတိကျကျ ရေးဆွဲအကောင်အထည်ဖော်လျှင် ထိရောက်အောင်မြင်သောရလဒ်များ ထွက်ပေါ်လာမည်က မလွဲကေန်ဖြစ်သည်။ ထို့ကြောင့် တိကျမှန်ကန်သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ အချက်အလက်များ ရှိရေးအတွက် နိုင်ငံတိုင်းက သန်းခေါင်စာရင်းကို မဖြစ်မနေ ကောက်ယူကြခြင်းဖြစ်သည်။

သန်းခေါင်စာရင်းက ရရှိသော အချက်အလက်များသည် နိုင်ငံတော်အစိုးရအပါအဝင် ဝန်ကြီးဌာနများနှင့်သာ သက်ဆိုင်မည်မဟုတ်။ နိုင်ငံအတွင်းရှိ ပြည်သူအားလုံးနှင့် သက်ဆိုင်သည်။ လူတစ်ဦးချင်းစီမှ အဖွဲ့အစည်းအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကိစ္စရပ်များ၏ ဘက်စုံ၊ ကဏ္ဍစုံအတွက် မဖြစ်မနေ အခြေခံအသုံးပြုရသည့် အချက်အလက်များ ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိကကောက်ယူ အကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း အားလုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းဖြစ်သည်နှင့်အညီ အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည့် လုပ်ငန်းတစ်ခုဖြစ်သည်။ လုပ်ငန်းနှင့်ပတ်သက်၍လည်း ကြီးကြပ်ကွပ်ကဲမှု၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု၊ ကွင်းဆင်းကောက်ယူမှု စသည်တို့အတွက် လိုအပ်သည့် ကော်မတီအရပ်ရပ်ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက် ရှိနေပြီ။ လုပ်ငန်းများကိုလည်း စီမံချက်ပါအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်နေပြီ။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းလုပ်ငန်းစဉ်တစ်ခုလုံးနှင့် ရရှိသည့်အချက်အလက်များကို နိုင်ငံတကာက အသိအမှတ်ပြုကာ အရည်အသွေးပြည့်မီသော အချက်အလက်များအဖြစ် ချီးကျူးခဲ့သည်။ ယခု ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းရလဒ်ကိုလည်း နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

**မေးခွန်းမေးမြန်းခြင်း ခံရသူက မှန်ကန်စွာဖြေဆိုရန်**

စာရင်းစစ်များ မေးမြန်းကောက်ယူခဲ့သည့် လူတစ်ဦးချင်းစီ၏ အချက်အလက်၊ အကြောင်းအရာများနှင့်ပတ်သက်၍လည်း တည်ဆဲဥပဒေဖြစ်သည့် ၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေက လုံလုံခြုံခြုံကာကွယ်ပေးထားပြီးလည်းဖြစ်သည်။ မေးခွန်းမေးမြန်းခြင်းခံရသူကလည်း မှန်ကန်စွာဖြေဆိုရန် တာဝန်ရှိသကဲ့သို့ စာရင်းကောက်များကလည်း ဖြေကြားချက်ကို စာရင်းပုံစံများတွင် မှန်ကန်စွာ ဖြည့်သွင်းရန်လည်း တာဝန်ရှိသည်။ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာ ကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးပြုခြင်း (သို့မဟုတ်) စစ်ဆေးခြင်း မပြုရဟုလည်း ဥပဒေမှာ ပါရှိပြီးဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်က နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ပထမ အကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် **“သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံအဆင့် အရေးကြီးပြီး အသုံးဝင်သည့် အချက်အလက်များ ဖြစ်သည့်အတွက် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း”** ဖြင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အတိအလင်း မီးမောင်းထိုး တိုက်တွန်းပြောကြားခဲ့သည်။

ပြည်သူများအနေဖြင့် အဓိကဆောင်ရွက်ပေးရန်မှာ နိုင်ငံတော်အတွက် အရေးပါအသုံးတည့်ပြီး အရေးကြီးသည့် ကိန်းဂဏန်းအချက်အလက်များ ရရှိရေးအတွက် နိုင်ငံတော်မှ တရားဝင်ခန့်ထားသည့် စာရင်းကောက်များ တစ်အိမ်တက်ဆင်း မေးမြန်းကောက်ယူရာတွင် ဖြေကြားမည့်သူ ပြည်သူများက မေးမြန်းချက်များအပေါ် မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင် ကူညီပံ့ပိုးပေးရန်သာဖြစ်သည်။ သို့မှသာ တိကျမှန်ကန်သော အချက်အလက်များကို အသုံးပြု၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို တိတိကျကျ ရေးဆွဲချမှတ်နိုင်မည်ဖြစ်သည်။ ယင်းကဲ့သို့ တိကျသော စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်နိုင်ခြင်းကြောင့် ရည်ညွှန်းချက်ကို အောင်အောင်မြင်မြင် ချောချောမွေ့မွေ့ ရောက်ရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံ၏အနာဂတ်ကို လှပစွာပုံဖော်နိုင်ရေးအတွက် အသွေးရောင်စုံ ဆေးရောင်စုံကို စုပ်ချက်ညီညီ ရေးခြယ်နိုင်ရန် အားလုံးမှာတာဝန်ရှိနေသည့်အတွက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို သူ့အရေး၊ ကိုယ့်အရေး၊ အားလုံးအရေး၊ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ လက်တွဲညီညီ ကြိုးပမ်းကြရေး မုဒိတာစိတ်လေးနဲ့ နိုင်ငံ့အကျိုးမျှော်လို့ နှိုးဆော်တင်ပြရပါသည်။ ။

“ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့”

## မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီ ကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် ဇွန် ၃ ရက်မှ ၅ ရက်အထိ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် CMP ပစ္စည်းများ တင်ပို့ခဲ့သည်။

လယ်ယာထွက်ကုန် ပစ္စည်းများ တင်ပို့မှုမှာ ပီလောပီနံ၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ကြက်သွန်နီ၊ ပြောင်း၊ ကံ့ကော်ဝတ်ဆံနှင့် နနွင်းတို့ဖြစ်သည်။ ရေထွက်ကုန်ပစ္စည်းများမှာ ခုံး၊ ခရု၊ ပုစွန်၊ ငါးခွေးလျှာ၊ ငါးမြွေထိုး၊ သဲကဏန်း၊ ဝသုံးလုံးကဏန်း၊ ငါးမြစ်ချင်း စီဖောင်းနှင့် ငါးသလောက်တို့ဖြစ်ပြီး CMP တင်ပို့မှုမှာ အမျိုးသား/အမျိုးသမီးဝတ် အထည်အလိပ်များ တင်ပို့လျက်ရှိသည်။

အများဆုံးပို့ကုန်ပစ္စည်းများမှာ ပြောင်း၊ CMP ၊ ငရုတ်၊ ဂေါ်ဖီထုပ်၊ ရေထွက်ကုန်ပစ္စည်း၊ ကြက်သွန်နီ၊ ပီလောပီနံ၊ ကွမ်းသီးနှင့် အခြားပစ္စည်းတို့ဖြစ်ပါသည်။ ယခုအခါ ထိုင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်းကြောင့် စားသောက်ကုန်လုပ်ငန်းများ တွင်ကျယ်စွာ ဆောင်ရွက်လာခြင်းနှင့် စားသောက်ဆိုင်များတွင် အသုံးပြုရန် လိုအပ်ချက်ကြောင့် ဝယ်လိုအားမြင့်တက်နေ၍ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ပုပ်သိုး ပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ဂေါ်ဖီထုပ်နှင့် ငရုတ်များကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန် တင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ အလှကုန်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ လယ်ယာသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ ငါးဖမ်းကိရိယာ၊ စားသောက်ကုန်၊ ဖိနပ်နှင့် ဖိနပ်ကုန်ကြမ်းပစ္စည်း၊ သစ်သီး၊ အထည်အလိပ်၊ အိမ်သုံးပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ LPG (ဓာတ်ငွေ့ရည်)၊ စက်နှင့် စက်ပစ္စည်းကိရိယာများ၊ ဆေးနှင့်ဆေးပစ္စည်း၊ ထုပ်ပိုးပစ္စည်းများ၊ အိမ်သုတ်ဆေး၊ လူသုံးကုန်ပစ္စည်း၊ ကုန်ကြမ်းပစ္စည်းနှင့် ယန္တရားအပိုပစ္စည်းတို့ တင်သွင်းလျက်ရှိသည်။

ငွေဈေးနှုန်းအနေဖြင့် ယခင်အပတ်က တစ်ဘတ်လျှင် ၈၅ ဒသမ ၀၀ ကျပ်ထိရှိခဲ့ပြီး ယခုအပတ်တွင် ၈၄ ဒသမ ၃၈ ကျပ်သာရှိ၍ ဘတ်ဈေးအနည်းငယ် ပြန်ကျလာသည့်အတွက် ယခုအခါ ကုန်ပစ္စည်းများကို ပိုမိုတင်သွင်းလျက်ရှိကြောင်း သိရှိရသည်။

## ကျောက်ဆည်ခရိုင်အတွင်း ပဲတီစိမ်းများ လှိုင်လှိုင်ထွက်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ယခုနှစ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျောက်ဆည်မြို့နယ်တွင် ၁၉၀၄ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၂၉၃၉ ဧက၊ မြစ်သားမြို့နယ်တွင် ၁၆၁၅ ဧက၊ စုစုပေါင်း ၆၄၅၈ ဧက စိုက်ပျိုးထားရှိကြောင်း၊ ယခုအချိန်တွင် ခရိုင်အတွင်းရှိ ပဲတီစိမ်းများ လှိုင်လှိုင်ထွက်ရှိနေပြီး မျိုးအနေဖြင့် ကျောက်စိမ်း၊ ရေဆင်း ၁၁ မျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်းသိရသည်။ ပဲတီစိမ်းသီးနှံများကို မတ်လဆန်းမှ စတင်စိုက်ပျိုးခဲ့ရာ ဇွန်လဆန်း တွင် ပဲတီစိမ်းအများဆုံးထွက်ရှိလျက်ရှိပြီး ကုန်ကျစရိတ်အနေဖြင့် ယခင်နှစ်၌ တစ်ဧကလျှင် သွင်းအားစုများအပါအဝင် ကျပ် ၂၉၈၀၀၀ ခန့်ကုန်ကျကာ အထွက်နှုန်းအနေဖြင့် ၁၀ တင်း အထိ ထွက်ရှိကာ ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ကျပ် ၅၂၀၀၀ ဈေးနှုန်းရှိပြီး အကျိုးအမြတ်အနေဖြင့် ကျပ် ၂၂၂၀၀၀ ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၃၀၀၀၀၀ ခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ၁၀-၁၂ တင်း အထိထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် စတင်ထွက်ရှိချိန်တွင် ကျပ် ၆၄၅၀၀ ဈေးနှုန်းရှိပြီး ယခုလက်ရှိ ပဲတီစိမ်းပေါက်ဈေးနှုန်းမှာ ကျပ် ၆၀၅၀၀ ဖြင့် ဈေးနှုန်းအနည်းငယ် ကျဆင်းလာပြီး အရောင်းအဝယ်ဖြစ်နေကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၃၀၅၀၀၀ ရရှိကြောင်း ပဲတီစိမ်းစိုက်တောင်သူများ ဝင်ငွေတိုး၍ အကျိုးအမြတ်များ ပိုမိုရရှိကြောင်း သိရှိရသည်။ **DOCA(မန္တလေး)**



## Global Digital Health Summit, Expo and Innovation Awards သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ကြား

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့ရှိ Jio World Convention Center ၌ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပ ပြုလုပ်မည့် Global Digital Health Summit, Expo and Innovation Awards သို့ မြန်မာနိုင်ငံရှိ ကျန်းမာရေးနှင့် နည်းပညာကဏ္ဍတွင် လုပ်ငန်းများ ဆောင်ရွက်နေသော ကုမ္ပဏီများ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားထားသည်။

အခမ်းအနားတွင် ကျန်းမာရေးနည်းပညာဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါပြပွဲနှင့် အခမ်းအနားသို့ မြန်မာကုမ္ပဏီများ ပါဝင်တက်ရောက်ခြင်းဖြင့် ကျန်းမာရေး၊ ဆေးပစ္စည်းနှင့် နည်းပညာဆိုင်ရာ ကဏ္ဍများမှ အဓိကပုဂ္ဂိုလ်များနှင့် တွေ့ဆုံနိုင်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရှာဖွေနိုင်မည်ဖြစ်သည်။

Summit သို့ တက်ရောက်မည့် မြန်မာလုပ်ငန်းရှင်များအနေဖြင့် ကုန်ကျစရိတ်များအား ကိုယ်တိုင်ကျခံရမည်ဖြစ်ကြောင်းနှင့် ပြခန်းဆောင်ငှားရမ်းခနှင့် စပ်လျဉ်း၍ ၎င်းတို့၏ အင်တာနက် စာမျက်နှာတွင် ဝင်ရောက် မှတ်ပုံတင်ခြင်းဖြင့် သိရှိနိုင်မည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရသည်။

## မုံရွာခရိုင်အတွင်း စပါး/ဆန် ဈေးနှုန်းများ မြင့်တက်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ မြို့နယ်များ၌ ဇွန်လပထမပတ်တွင် စပါးဈေးနှုန်းနှင့် ဆန်ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်းသိရသည်။ ဇွန်လပထမပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်း ဈေးနှုန်းများမှာ ရောမင်းစပါးတင်း ၁၀၀ လျှင် ကျပ် ၂၃၀၀၀၀၀ မှ ၂၄၀၀၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါတစ်အိတ်လျှင် ကျပ် ၉၀၀၀၀ မှ ၉၅၀၀၀ အထိ၊ မနောသုခစပါး တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ မနောသုခဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ ၊ ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၂၈၀၀၀၀၀၊ ပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၅၀၀၀ မှ ၁၀၀၀၀၀ အထိတို့ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ယခင်လပထမအပတ် စပါး/ဆန်ဈေးနှုန်းများနှင့် ယခုလပထမအပတ်ဈေးနှုန်းများ နှိုင်းယှဉ်လျှင် ရောမင်းစပါး တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၊ မနောသုခစပါး တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၊ မနောသုခဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၊ ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၁၀၀၀၀၀၊ ပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ဖြင့် ဈေးနှုန်းမြင့်တက်လာကြောင်း သိရှိရသည်။ **DOCA(စစ်ကိုင်း)**

### ၇.၆.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၉၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၆၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၆၀၀ | ၂၇၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၅၀၀ | ၂၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၈၅၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၁၅၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၂၇၅၀ | ၂၅၀၀ | ၉၅၀၀ | ၆၃၀၀ | ၂၂၀၀၀ | ၂၈၀၀ | ၆၃၀၀ | ၆၀၀၀ | ၃၅၀၀ | ၂၀၀၀ | ၆၀၀ | ၈၀၀၀ | ၅၄၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၇၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၇၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၉၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၁၇၀၀၀ | ၈၈၀၀ | ၁၈၀၀၀ | ၂၆၀၀ | ၆၀၀၀ | ၆၅၀၀ | ၄၂၀၀ | ၇၀၀၀ | ၈၀၀ | ၆၃၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၇၀၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၆၅၀၀ | ၇၄၀၀ | ၄၃၀၀ | ၈၀၀၀ | ၇၅၀ | ၇၈၀၀ | ၅၅၀၀ | ၄၉၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၇၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၄၆၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၆၁၅၀ | ၁၂၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀ | ၆၅၀၀ | ၅၅၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၇၅၀ | ၃၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၀၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၃၈၀၀ | | ၁၃၅၀၀ | ၆၄၀၀ | ၁၉၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၈၀၀ | ၆၆၀၀ | ၆၈၀၀ | ၃၆၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၂၈၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၆၄၀၀ | ၂၀၀၀၀ | ၁၉၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၆၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၆၃၀၀ | ၁၈၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၀၀၀ | ၂၈၀၀ | ၂၅၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၅၀၀ | | ၁၂၅၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၈၀၀ | | ၁၃၅၀၀ | ၆၄၀၀ | ၂၅၀၀၀ | ၂၄၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၈၀၀ | | ၁၄၅၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၅၀၀၀ | ၇၅၀၀ | | ၃၅၀၀ | ၆၀၀ | ၆၅၀၀ | ၅၄၀၀ | ၃၅၀၀ | ၂၂၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၂၉၅၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၂၀၀ | ၅၂၀၀ | ၅၀၀ | ၇၂၀၀ | ၅၆၀၀ | ၃၈၀၀ | ၂၂၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၉၅၀ | | ၁၄၅၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၂၂၀၀ | ၅၂၀၀ | ၇၀၀၀ | ၄၅၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၅၆၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၇၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ညှော်မထဆန် တစ်ပြည်လျှင် မြစ်ကြီးနားတွင် ငွေကျပ် ၂၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၀၀၊ ငစိန်ဆန် တစ်ပြည်လျှင် မန္တလေးတွင် ငွေကျပ် ၂၀၀၊ ပဲဆီ တစ်ပိဿာလျှင် တစ်ပိဿာလျှင် လားရှိုး၊ လွိုင်ကော်နှင့် မုံရွာတွင် ငွေကျပ် ၁၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၅၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၀၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ကျိုင်းတုံနှင့် ပုသိမ်တွင် ငွေကျပ် ၁၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၅၀၀၊ ကလေးတွင် ငွေကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၅၀၀၊ မြိတ်တွင် ငွေကျပ် ၁၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၁၅၀၀၊ ကလေးတွင် ငွေကျပ် ၅၀၀၊ ချင်း တစ်ပိဿာလျှင် မြစ်ကြီးနား၊ လားရှိုး၊ မြိတ်နှင့် ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ ကျိုင်းတုံတွင် ငွေကျပ် ၃၀၀၊ ထားဝယ်တွင် ငွေကျပ် ၁၃၀၀၊ ပြည်တွင် ငွေကျပ် ၁၀၀၀၊ မြေပဲဆံ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၁၀၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြစ်ကြီးနားနှင့် ပုသိမ်တွင် ငွေကျပ် ၅၀၀၊ အာလူး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၂၀၀၊ တောင်ကြီးတွင် ငွေကျပ် ၃၀၀၊ သကြား တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၃၀၀၊ ပုသိမ်တွင် ငွေကျပ် ၄၀၀၊ ကြက်သား တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ ဆိတ်သား တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၂၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ညှော်မထဆန် တစ်ပြည်လျှင် ပုသိမ်တွင် ငွေကျပ် ၁၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၁၀၀၀၊ အာလူး တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၅၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၁၀၀၀ ဈေးကျခဲ့ပါသည်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၁

ဦးစိန်မြင့် နှင့် ဦးလှနှစ်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ် (၄)နေ တရားပြိုင် ဦးလှနှစ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက သေ့ဖျက်ဝင်ရောက်ကာ မတရားရယူထားသော တိုက်ခန်းအား ပြန်လည်၍ လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇွန် ၂၂ရက် (၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇွန် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၃

ဦးကျော်ကျော်လွင် နှင့် ဦးလှနှစ်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၄)နေ တရားပြိုင် ဦးလှနှစ်(ယခုနေရပ်လိပ်စာမသိ သူ) သိစေရမည်။

သင့်အပေါ်တရားလိုက သေ့ဖျက်ဝင်ရောက်ကာ မတရားရယူထားသော တိုက်ခန်းအား ပြန်လည်၍ လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇွန်လ ၂၂ရက် (၁၃၈၅ခုနှစ် နယုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဇွန်လ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/6831, Nidi(6) Wheel Truck (ND-T-02) Truck ယာဉ်လက်ဝယ်ရှိသူ ဦးတင်အုန်း ၁၄/ပသန(နိုင်)၂၅၉၃၂၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 32W/17744, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းအောင် ၁၄/ပသန(နိုင်)၂၁၅၇၅၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ပတ်စ်ပို့ပျောက်

ညောင်ရွှေမြို့၊ မိုင်းလီရပ်နေ ဦးအောင်ဒင်၏သား ရဲထက်အောင် ၁၃/ညရန(နိုင်)၁၃၃၂၁၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MA-073914) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၀၉၈၁၁၈၉**

## ပတ်စ်ပို့ပျောက်

ရွှေညောင်မြို့၊ စဥ့်ဟယ်ရပ်၊ နယ်မြေ (၂)နေ ဦးဇော်မြင့်ဝင်း၏ သမီး ဒေါ်နှင်းနွယ်အောင် ၁၃/တကန(နိုင်)၂၀၈၁၃၉၏ နိုင်ငံကူးလက်မှတ် အမှတ်(MF-608152)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၄၄၀၇၃၃၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာ၊ Star City Condo Zone A-1၊ အခန်းအမှတ်(၄၁၈/B)၊ အကျယ်အဝန်း(၉၀၅)စတုရန်းပေ အကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ဆက်စပ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသော ဦးအောင်စံဖြိုး ၁၂/ဥကတ(နိုင်)၀၄၆၈၁၄ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်မြင့်မြင့်ကြူ ၁၃/လရန(နိုင်)၂၄၀၃၇၂က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးရန်နိုင်** | **ဦးနေမျိုးထွဋ်** |
| **LL.B.,DBL.,DIPL.,DL-101(WIPO)** | **LL.B.,Diploma in Business Law.,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၄၇)** | **အထက်တန်းရှေ့နေ(စဉ်-၂၉၉၄၃)** |

**အမှတ်(၄၀၁/၅)၊ ၁၅၄လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၆၂၈၂၀၄၄**

## ပတ်စ်ပို့ပျောက်

ရပ်စောက်မြို့၊ပင်ဖြစ်ကျေးရွာနေ ဦးပဒါမ်ဗဟာဒူး၏ သမီး မူမာကာလာ ၁၃/ရစန(နိုင်)၀၅၂၉၅၈၏ နိုင်ငံကူးလက်မှတ် အမှတ်(MB-630585) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၇၈၆၉၉၈၉**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ သစ်တောရပ်၊ ၁၄၈ တောင်ခြေလမ်းနေ ဦးခွန်သန်းဝင်းဦး၏သား မောင်ကောင်းမြတ်ချို ၁၃/တကန(နိုင်)၂၁၁၈၃၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MB-548189) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၄၇၂၉၇၆၈**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မရမ်းကုန်းခရိုင် တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၂

ဦးစိန်မြင့် နှင့် ဦးလှနှစ်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၄) နေ တရားပြိုင် ဦးလှနှစ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်တရားလိုက မတရားရယူသိမ်းပိုက်ထားသော တိုက်ခန်းအား ပြန်လည်၍ လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇွန် ၂၂ရက် (၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၅ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇွန် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၄

ဦးသောင်းစိန် နှင့် ဦးလှနှစ်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၄)နေ တရားပြိုင် ဦးလှနှစ်(ယခုနေရပ်လိပ်စာမသိ သူ) သိစေရမည်။

သင့်အပေါ်တရားလိုက မတရားရယူသိမ်းပိုက်ထားသော တိုက်ခန်းအား ပြန်လည်၍ လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် ဇွန်လ ၂၂ရက် (၁၃၈၅ခုနှစ် နယုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဇွန်လ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ် (၁၇/၃)၊ ဦးပိုင်အမှတ်(၆၄/ခ)၊ မြေဧရိယာ(၀ဒသမ၂၀၂)ကေရှိ မြေကွက်သည် မူလက ဦးဘီရ်ဆင်၊ မောင်နိမ်ရာဇ်(ခ)ဇော်ဝင်း (၂)ဦးအမည်ဖြင့် ခရိုင်အမှုတွဲအ မှတ်၊ ၁၁၀၉(၃)၂၀၀၁-၂၀၀၂အရ(၁-၁၁-၂၀၁၆)ရက်အထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူနှစ်ဦးအနက် ဦးဘီရ်ဆင်း ၁/ဝမန(နိုင်)၀၀၈၆၈၉ က (၂၃-၅-၂၀၁၇)ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၆၈/၂၀၁၇) အရ ဦးနိမ်ရာဇ်(ခ)ဇော်ဝင်း ၁/ဝမန(နိုင်)၀၀၀၄၄၄ထံသို့ အိမ်ခြံမြေကွက် အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသဖြင့် ယခုအခါ ဦးနိမ်ရာဇ်(ခ)ဇော်ဝင်းအမည်ဖြင့် မြေငှားဂရန်(အမည်လျှော့/အသစ်) လျှောက်ထားလာပါသဖြင့် လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၁၈၈၆, Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံထွန်း ၉/ညဥန(နိုင်)၂၀၅၄၉၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် (၁၂၆၂/၁၃၀၃)၊ အကျယ်အဝန်း(၄၃ပေ× ၆၀ပေ)ရှိ ဦးကြည်ဝင်း (၁၂/စခန (နိုင်) ၀၀၄၇၆၄) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးကြည်ဝင်း (၁၂/စခန (နိုင်) ၀၀၄၇၆၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |

ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/2123 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/1888 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ မြို့မဈေးကြီးအတွင်းရှိ ဈေးရုံအမှတ် (Q)(မြေညီထပ်)၊ ဆိုင်ခန်းအမှတ် (၁၂)ဟုခေါ်တွင်သော ဈေးဆိုင်ခန်းသည် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဦးသန်းမြင့်(ခ)ဟူစိန်အာမတ်အား အငှားလိုင်စင်ချပေးထားသည့်ဈေးဆိုင်ခန်းဖြစ်ပါသည်။ အဆိုပါဈေးဆိုင်ခန်းမှာ ဦးသန်းမြင့်(ခ)ဟူစိန်အာမတ်လက်ရှိပိုင်ဆိုင်သော ဆိုင်ခန်းဖြစ်ပြီး စည်ပင်သာယာရေး ခွင့်ပြုချက်ဖြင့် လွှဲပြောင်းရောင်းချနိုင်သည့် ဈေးဆိုင်ခန်းဖြစ်၍ ကွယ်လွန်သူ ဦးသန်းမြင့်(ခ)ဟူစိန်အာမတ်၏ တစ်ဦးတည်းသောတရားဝင်ဇနီး ဒေါ်နူရ်ဂျာဟန်နှင့် ၎င်းတို့၏အမွေစားအမွေခံသားသမီးများက လွှဲပြောင်းရောင်းချလိုကြောင်း ဒေါ်ဌေးမြင့် ၁၃/တကန(နိုင်)၂၅၁၁၀၁အား ကမ်းလှမ်းရာ ဒေါ်ဌေးမြင့်ကလည်း ဝယ်ယူရန်သဘောတူသဖြင့် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါဈေးဆိုင်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ကျန်ငွေများအား ပေးချေပြီး အရောင်းအဝယ်ကိစ္စရပ်များကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဌေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချောစုလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၆၀/၂၀၁၃)**
**အမှတ် (ည/၄၅)၊ ပတ္တမြားလမ်း၊ နယ်မြေ (၇)၊**
**ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၂၈၃၃၂၅၃၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်းမြောက်ရပ်ကွက်၊ ရတနာသိင်္ခလမ်း၊ တိုက်အမှတ်(၁၃)၊ မြေညီထပ်(ဝဲ)၊(ခေါင်းရင်း)၊ (၁၂ပေခွဲ X၅၄ပေ)အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်မြတ်မြတ်ငြိမ်း ၁၄/ညတန(နိုင်)၀၀၀၆၂၁ မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဦးနိုင်လင်း ၁၂/စခန(နိုင်)၀၆၃၃၈၂ ကလည်း ဝယ်ယူရန်အတွက် တိုက်ခန်း၏ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** | **ဒေါ်ပန်းမွှေး** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၄၉၅၀၂/၂၀၁၈)** | **(စဉ်-၁၆၃၉၇/၂၀၁၉)** |

**တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊(၈)မိုင် မီးပွိုင့်အနီး၊**
**(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၇၉၅၅၃၄၇၅၃၊၀၉-၇၅၀၃၉၈၄၀၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ သဇင်လမ်း၊ မြေကွက်အမှတ်(၂၉၁)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးမျိုးဝင်း (၁၂/တမန (နိုင်) ၀၂၅၀၂၉) (L/ RGN- ၀၂၉၂၁၆) အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ဇော်ဝင်း (၁၂/ဥကမ (နိုင်) ၁၅၆၃၉၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |

ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆

## ပျောက်ဆုံးကြောင်း

ဦးတင်ကို ၁၂/ဥကတ (နိုင်) ၀၄၅၆၆၁ တင်သွင်းလာသော မော်တော်ယာဉ် ခေတ်ပုံမှတ်တမ်းများ Custom Statement နှင့် ID မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၀၈၉၄၀**

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ ကွမ်းစိုက်ကျေးရွာနေ ဦးမောင်ပို၏သား၊ မောင်ရဲဟန် ၉/သေရ(နိုင်) ၀၁၀၂၇၀ ၏ နိုင်ငံကူးလက် မှတ်နံပါတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၈၆၀၀၇၇၇၀**

## အမည်ပြောင်း

တောင်ငူမြို့၊ Z & F ကိုယ်ပိုင်မူလတန်းကျောင်း Grade-1မှ ဦးအောင်ဇော်မျိုးထွန်း ၇/အတန(နိုင်)၀၇၀၈၆၄၏သမီး မအိမ့်မြတ်ဖြိုးသော်အား မအိမ့်ချမ်းမြေ့ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မအိမ့်ချမ်းမြေ့**

## မိဘအမည်မှန်

၂၀၂၃/၂၀၂၄ ပညာသင်နှစ်တွင် ရေတာရှည်မြို့နယ်၊ အထက (ရေတာရှည်) Grade-6 (A)မှ မလွင်မြတ်သော်၏ ဖခင်အမည်မှန်မှာ ဦးခိုင်သော် ၇/ရတရ(နိုင်)၁၄၇၇၈၀ နှင့် မိခင်အမည်မှန်မှာ ဒေါ်လှလှလွင် ၇/ရတရ(နိုင်)၁၈၂၉၇၈ ဖြစ်ပါကြောင်း။

**ဦးခိုင်သော်-ဒေါ်လှလှလွင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၆-၂၀၂၃ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၉) ငြင်းချက်ထုတ်ရန်သမ္မန်စာ၊ ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၌ ကြော်ငြာတွင် အကွက်အမှတ် (၁)အစား အကွက်အမှတ် (D)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ အထက(ကြောင်လျှာတော)၊ Grade-10မှ မသိမ့်သိမ့်ဌေး၏ ဖခင် ဦးသန်းဦး၏ အမည်မှန်မှာ ဦးသောင်း ဦး ၈/ခမန(နိုင်) ၀၀၃၈၇၁ ဖြစ်ပါကြောင်း။

**ဦးသောင်းဦး**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွားကျေးရွာအုပ်စု၊ တောစိမ်းကျေးရွာနေ ဦးအောင်ထွန်းမင်း၏သားကျွန်တော် မောင်လျှန်းထက်အောင် ၈/တတက(နိုင်)၂၈၈၄၃၄ ၏ ယခင်နိုင်ငံကူး လက်မှတ်အမှတ် (MG – 535754)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၃၈၁၅၀၉၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/25873 Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၇/ရတန(နိုင်)၀၀၀၀၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပြည်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအ နောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ ဦးတင်စိုး ၁၂/သကတ(နိုင်)၀၅၈၈၈၉(ဘ) ဦးထွန်းကြည်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၀၁၄၉ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၀၃/၂၀၁၂(၂၁-၅-၂၀၁၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်တင်တင်နွယ် ၉/ပမန(နိုင်) ၁၂၉၀၉၀(ဘ)ဦးတင်အောင်မှ ဒေါ်အေးအေးစိုး ၉/ပမန(နိုင်)၁၄၃၄၂၄နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ ဥတ္တရသီရိမြောက်ရပ်၊ မြေရီယာ(၀ဒသမ၁၅၃)ကော၊ မြေကွက်အမှတ်(ဥ-၆၀၂၆)၊ ဦးဝင်းနိုင် ၅/စကန(နိုင်)၀၄၈၈၃၀(ဘ)ဦးညွန့်အောင် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကိုဒေါ်မေဇော်ခိုင် ၁၀/ကထန(နိုင်)၀၆၇၇၀၈(ဘ)ဦးသိန်းဇော်မှ နေပြည်တော်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၆၈/၂၀၂၃(၂၀-၃-၂၀၂၃)တင်ပြ၍ ဒေါ်ကြွယ်ကြွယ်စိမ်း ၈/မဘန(နိုင်)၀၆၀၇၁၉(ဘ)ဦးဌေးမြင့်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအ နေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ပုဗ္ဗသီရိရပ်) မြေကွက်အမှတ် (ပ-၂၂၁၉၀)၊ ဧရိယာ(၀.၁၁၀)မြေကွက်နှင့် တစ်ထပ်တိုက်အား နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့/မြေဌာနတွင် ဦးသန်းညွန့် ၁/ကမန (နိုင်)၀၂၃၀၈၂)နှင့်ဒေါ်ဥမ္မာမြတ် ၉/မနတ(နိုင်)၀၂၄၆၈၈ အမည်ဖြင့်အမည် ပေါက်ပြောင်းလဲထားသော နှစ်(၃၀) အငှားဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့် တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းညွန့်နှင့် ဒေါ်ဥမ္မာမြတ်တို့ထံတွင် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ် ၏မိတ်ဆွေက စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဂရန်မူရင်းနှင့်တကွ ခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ဇေယျ (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၄၁၉၀)**
**အခန်း(၃၅)၊ ရွှာတော်မင်္ဂလာဈေး၊ ပုဗ္ဗသီရိမြို့၊**
**ဖုန်း- ၀၉၇၇၈၄၄၇၇၅၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)တိုးချဲ့၊ (ဦးကြင်ဥလမ်း)၊ မြေကွက်အမှတ်(၉၅)၊ အလျား ၈၀' x အနံ ၆၀'၊ ဧရိယာ စတုရန်းပေ(၄၈၀၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု(မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဒေါ်မူမူညွန့် ၁၂/ဥကတ(နိုင်) ၀၀၅၇၁၁ အမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး ၎င်းမှတဆင့် ဦးဝင်းနိုင် ၁၂/ဒဂတ(နိုင်) ၀၃၇၈၄၁က လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် (၂၀'x၆၀')အကျယ် အဝန်းရှိသော အစိတ်အပိုင်းအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိဖြူဝင်းနိုင် ၁၂/မရက(နိုင်)၁၈၁၉၀၇က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ညိုဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၈၃၁)**
**အမှတ်(၅၆၁)၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၈၈၂၆၅၂၅၅၊ ၀၉-၂၅၄၃၈၂၄၂၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဗန်းမော်မြို့၊ပေါက်ကုန်းရပ်ကွက်၊ အိမ်အမှတ်၊ ပက-၁၄နေ အမိ ဒေါ်အိအိဖြူ ၁/ဗမန(နိုင်)၀၁၂၂၉၇ ၏သားဖြစ်သူ မောင်အောင်ထက်ကို နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁/ဗမန(နိုင်)၀၆၇၂၃၃ သည် မိခင်ဖြစ်သူကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်အိအိဖြူ**

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ် (၂) ရပ်ကွက်၊ အနော်ရထာလမ်း နှင့် ဝါးတန်းလမ်းထောင့်၊ အမှတ် ၂၉၈ တွင်တည်ရှိသော အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(SME-Development Bank) (ကုမ္ပဏီမှတ်ပုံတင်အမှတ် -၁၈၀၄၀၄၄၂)သည် ရန်ကုန်မြို့ရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ဖော်ပြပါအမှတ်တံဆိပ်၊ အမည်နှင့် စာတမ်းအမှတ်အသားများအား စာချုပ်အမှတ် -၄/၂၂၈၈/၂၀၁၈(၂၃-၂-၂၀၁၈)ဖြင့် မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။ ထို့အတူ(၂၉-၅-၂၀၂၃)နေ့စွဲဖြင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စနစ်သစ်အရလည်းထပ်မံမှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။၂၀၁၆ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လုပ်ကိုင်ခွင့်ပြုထားသော ဘဏ်လုပ်ငန်းလိုင်စင်အမှတ် မဗဘ/ပဘ(အာရ်)-၁၇/၀၈/၂၀၁၆ (၁၈-၈-၂၀၁၆)ရရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဘဏ်ဝန် ဆောင်မှုလုပ်ငန်းများ၊ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ယင်းလုပ်ငန်းများနှင့် ဆက်စပ်သောဝန်ဆောင်မှုလုပ်ငန်းများ၊ အီလက်ထရောနစ် စနစ်ဖြင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊နိုင်ငံတော်တစ်ဝန်းရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သောငွေကြေးဖြည့်ဆည်းပံ့ပိုးပေးသော ဝန်ဆောင်မှုလုပ်ငန်းများ အစရှိသောဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်လျက်ရှိပါသည်။

SME – Development Bank သည် ၁၉၉၆ ခုနှစ်မှစတင်၍ အများပြည်သူလူထု၏ ယုံကြည်အားထားမှုရရှိလာပြီး ယနေ့အထိ ကောင်းမွန်သော ဂုဏ်သတင်းများဖြင့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်ဖြစ်ရာ ယခုအခါတွင် မသမာသူလူတချို့မှ အထက်ဖော်ပြပါ SME – Development Bank ၏ အမှတ်တံဆိပ်၊ အမည်၊ စာတမ်းအမှတ်အသားနှင့် ကောင်းမွန်သော ဂုဏ်သတင်းများကို အများပြည်သူယုံကြည်စေရန် ရည်ရွယ်၍လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် မိုငြမ်း တုပပြီး SME – Development Bank ၏ ဖောက်သည်များ၊ လုပ်ငန်းရှင်များ၊ အများပြည်သူများအား ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် SME–Development Bank၏ကောင်းမွန်သောဂုဏ်သတင်းများကိုထိခိုက်နစ်နာ၊ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ အီလက်ထရောနစ်နည်းပညာနှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ လူမှုကွန်ရက်များ (Facebook ,YouTube, Viber, Telegram, Messenger နှင့် အခြားသော Social Media Online Applications အစရှိသည့်) တို့တွင် Account အတုများ၊ Facebook/ Messenger Page အတုများ ပြုလုပ်၍ ငွေကြေးလိမ်လည်ခြင်းများ၊ အလွဲသုံးစားပြုခြင်းများ၊ SME – Development Bank ဘဏ်ဖောက်သည်များ၊ လုပ်ငန်းရှင်များ၊ အများပြည်သူလူထု၏အကျိုးစီးပွား ပျက်စီး ဆုံးရှုံးစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းများအား လုပ်ဆောင်နေကြောင်း SME – Development Bank အနေဖြင့်တွေ့မြင်၊ ကြားသိနေရပါသဖြင့် အဆိုပါလုပ်ဆောင်ချက်များသည် SME – Development Bankနှင့်လုံးဝ (လုံးဝ)သက်ဆိုင်ခြင်းမရှိပါကြောင်း အများပြည်သူများ သိရှိနိုင်စေရန် အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။

SME – Development Bank ၏ အမှတ်တံဆိပ်၊ အမည်နှင့်စာတမ်းအမှတ်အသားများ တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း တုပခြင်း၊ ဖော်ပြခြင်း၊ သုံးစွဲခြင်းများမပြုလုပ်ရန်နှင့် ထိုကဲ့သို့ ဥပဒေနှင့်မညီသော ဆောင်ရွက်မှုများအား ပြုလုပ်ထားပါက ချက်ချင်းရပ်တန့်ပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲ ဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူခြင်းများဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် SME – Development Bank ၏ နစ်နာဆုံးရှုံးမှုများအတွက် တရားစွဲမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် သတိပေးကြေညာအပ်ပါသည်။

**အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်**
**အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးစုကြည် (စဉ်-၈၅၀၆) LL.B** | **ဦးတင်နိုင်(မြိတ်)** | **နော်မြတ်လေးနွယ်(စဉ်-၁၅၉၂၂)** |
| **တရားလွှတ်တော်ရှေ့နေ** | **B.A, H.G.P., R.L., D.B.L., D.M.L.D.I.L., D.I.R** | **LL.B, D.B.L** |
| **ဖုန်း-၀၉-၄၃၁၇၁၆၅၉** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၅၄)** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ် ၂၉၈၊ အနော်ရထာလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ (၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**

## ပတ်စ်ပို့ ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကင်ပွန်းတောင်ကျေးရွာအုပ်စု၊ ကင်ပွန်းတောင်ကျေးရွာနေ ဦးခင်မောင်မြင့်၏သား ကျွန်တော် မောင်ဝေလျှံထွန်း ၈/တတက(နိုင်)၂၉၃၁၉၁၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် (MG-661394)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၈၇၃၆၃၄၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၅၆၅၇၉ ယာဉ်လက်ဝယ်ရှိသူ ဦးစန်းဝင်းအောင် ၁၀/ပမန(နိုင်) ၁၂၉၉၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/1395,Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးဝင်း ၉/သေရ(နိုင်)၀၁၀၃၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၂၉၄၃၀ ယာဉ်လက်ဝယ်ရှိသူ ဦးစောခိုင်ကျော်ဝင်း ၁၀/ပမန(နိုင်)၁၆၆၉၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် HH/2659, Nissan AD V6Y 11, S/W ယာဉ်လက်ဝယ်ရှိသူ ဦးလွင်ဦး ၁၂/ဒဂတ(နိုင်)၀၃၁၈၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝမ်လုံးကျေးရွာအုပ်စု၊ လွယ်စတုံ(အောက်ရွာ)ရှိ အလျားပေ ၇၀၀x အနံပေ ၅၀၀ ရှိ မြေပေါ်တွင် မြေပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းပြီးစီးပါက မြေရှင်နှင့် တစ်ဝက်စီခွဲရန် ဦးဇော်ဦးနှင့် ဒေါ်ဘူးနောင်၊ သားဖြစ်သူအားမူတို့ သဘောတူစာချုပ်ကို ၅-၂-၂၀၁၂တွင် စာချုပ်ချုပ်ဆိုခဲ့ပါသည်။

အားမူနှင့် ဦးဇော်ဦးသည် ခရီးသွားလူမှုရေးအခက်အခဲကြောင့် ဆက်လက်မလုပ်ကိုင်နိုင်သဖြင့် ၂-၇-၂၀၁၅ ရက်တွင် မြေလုပ်ငန်းကိစ္စအဝဝကို ဦးဘိုချို ၁၃/တခလ(နိုင်)၀၂၇၁၆၄ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ဦးဘိုချိုသည် မြေပြင်လုပ်ငန်းများပြီးစီးချိန်၌ ဦးဇော်ဦးထံမှလည်းကောင်း၊ ဦးရဲမြင့်စိုးထံမှလည်းကောင်း အသိသက်သေများရှေ့မှောက်တွင် ဝယ်ယူထားသော မြေအလျားပေ (၂၄၀x၁၆၄)၊ အနံပေ (၂၅၂x၂၄၆)နှင့် ငါးကန်နေရာမှအပ ကျန်မြေကွက်အားလုံးအား ဦးအားမူနှင့် ဦးဇော်ဦးထံမှ ဝယ်ယူထားကြောင်း စာချုပ်မှန်ကန်မှု စစ်ဆေးပြီး မြေလက်ရောက်စာချုပ်နှင့်တကွ မြေလက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

မူလပိုင်ရှင် နစ်နာမှုမရှိစေရန် မြေပေ (၄၀x၆၀) မြေကွက် (၈)ကွက်နှင့် ငွေကျပ် သိန်း(၁၇၀)တိတိကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် ဦးဘိုချိုမှ (၂)ကြိမ် ခွဲပေးအပ်ခဲ့ပြီးဖြစ်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ၃-၇-၂၀၂၀ရက်နှင့် ၅-၁-၂၀၂၃ ရက် တွင် ပြုလုပ်ခဲ့ပါသည်။

သို့ဖြစ်ပါသောကြောင့် မြေပြင်ရှိမြေကွက်အားလုံး ဝယ်ယူထားသူများနှင့် စာချုပ်ရှိသူများကို လက်ဝယ်ပေးအပ်ပြီးဖြစ်၍ မြေကွက်လပ်မကျန်ရှိတော့ပါသဖြင့် ထပ်မံလာရောက်တောင်းခံသူများရှိပါက ကန့်သတ်ချိန်ကျော်လွန်ခြင်း၊ မြေကွက်လပ်မရှိတော့ခြင်းများကြောင့် ဦးဘိုချိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မိမိတို့အား ရောင်းချသူများနှင့်သာ ညှိနှိုင်းတောင်းခံဆောင်ရွက်သွားကြရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်မှာကြားသူ** | **လွှဲအပ်မှာကြားချက်အရ-** |
| **ဦးဘိုချို ၁၃/တခလ(နိုင်)၀၂၇၁၆၄** | **ဦးသိန်းသန်းဇော် B.A (Law), LL.B** |
| **အမှတ် (၁၉)၊ ပါလျှံ (၃)ရပ်ကွက်၊** | **တရားလွှတ်တော်ရှေ့နေ (၁၀၆၉၈)** |
| **တာချီလိတ်မြို့၊** | **တာချီလိတ်မြို့** |
| **ဖုန်း-၀၉-၂၅၀၂၄၀၆၉၆** | |

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ဘရဏီလမ်း၊ တိုက်အမှတ်(၉၇၅)၊ မြေပေအကျယ်ပေ (၂၂x၅၀)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော(၁)ခန်းတည်း(၆)ထပ်RC အဆောက်အအုံမှ တတိယထပ် (၄-လွှာ)၊ အကျယ်အဝန်းပေ(၁၈x၅၀)၊ အမြင့်(၉)ပေရှိတိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းတွင် အခိုင်အမာတွယ်ကပ် တပ်ဆင်ထားသောပစ္စည်းများအားလုံးအပါအဝင်ကို ရောင်းချသူ ဦးသိန်းထိုက်ဆွေ၁၂/ရပသ(နိုင်)၀၂၅၆၆၃ က မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန့်ဇင်ထွန်း ၁၂/ဥကတ(နိုင်)၁၃၄၈၉၆က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ဇာနည်(၁၃)လမ်း၊ မြေကွက်အမှတ် (၆၀၅/ခ)၊ အကျယ်အဝန်းပေ (၂၀x၆၀)ရှိ ဒေါ်သက်မိုးဦး အမည်ပေါက်နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဂရန်အမည်ပေါက် ဒေါ်သက်မိုးဦး ၇/သဝတ(နိုင်)၀၆၈၂၉၃ က ဥပဒေနှင့် အညီ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်မေလှိုင်(စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)**
**LL.B, D.B.L, Dip in English ၊ တရားလွှတ်တော်ရှေ့နေ**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဒီ)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၉-၅၀၈၃၈၀၅၊ ၀၉-၇၉၉၆၁၈၄၇၂**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ လှော်ကားလမ်း၊ မြေကွက်အမှတ် (၁၅၇၉/က)၊ မြေပေအကျယ်ပေ(၂၀x၆၀)၊ စတုရန်းပေ(၁၂၀၀)ရှိ ဦးမောင်ထွေး အမည်ပေါက် ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးဝင်းမြင့်၁၂/ဒဂတ(နိုင်)၀၈၀၆၄၀ က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လုံးချင်းဂိုဒေါင် အပါအဝင်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာလွင် ၁၂/ဥကတ(နိုင်)၂၀၄၆၅၄က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
